မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၉၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်တွင် ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီများမှ လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်းများတွင် ပြည်တွင်းကုမ္ပဏီများ ရင်းနှီးမြှုပ်နှံနိုင်ရေး အားပေးကူညီပေးလျက်ရှိ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ပကုမ္ပဏီများ ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ခွင့်ပြုပေးနေ

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အစိုးရနှင့်အတူ လုပ်ငန်းရှင်များ ဝိုင်းဝန်းဆောင်ရွက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အားလုံးဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်ကြရမည်

နေပြည်တော် ဇူလိုင် ၃၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှလေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နံနက် ၈နာရီခွဲတွင် မန္တလေးမြို့သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ ရတနာပုံတယ်လီပို့ (Yatanarpon Teleport) သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရတနာပုံတယ်လီပို့ အဆောက်အအုံမြေညီထပ်၌ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ရတနာပုံမြို့သစ် စီမံကိန်းတည်နေရာ၊ ရတနာပုံမြို့သစ်အတွင်း အဆောက်အအုံများဆောက်လုပ်ပြီးစီးမှု၊ ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ရတနာပုံမြို့သစ် ကိုယ်ပိုင်အိမ်ရာစီမံကိန်း(မြောက်ပိုင်း)၌ အိမ်ရာများ ဆောက်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့နယ် ရတနာပုံတယ်လီပို့အဆောက်အအုံ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ရတနာပုံမြို့သစ်ရှိ ကုမ္ပဏီများ၏ စက်ရုံများ၌ ထုတ်လုပ်မည့် ဆက်သွယ်ရေးလုပ်ငန်းသုံး ပစ္စည်းနမူနာများနှင့် **Internet** ဆိုင်ရာ ဆက်စပ်ပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇူလိုင် ၃၁ ရက်)

အာဆီယံ၏ အနာဂတ်စွမ်းအင် လုံခြုံစိတ်ချရေး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မန္တလေးမြို့ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇူလိုင်လ၂၉ရက်နေ့က ကျင်းပသည့် (၂၇)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။

အာဆီယံသည် တစ်ကမ္ဘာလုံးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးဒေသတစ်ခုဖြစ်သည့်အားလျော်စွာ စီးပွားရေးနှင့် လူဦးရေတိုးပွားမှုတို့ကြောင့် စွမ်းအင်လိုအပ်ချက်များ မြင့်တက်လာခဲ့သည်။ ဒေသ၏ပြင်ပမှ ရေနံအရင်းအမြစ်များကို လွန်ကဲစွာမှီခိုအားထားနေပါက ဒေသတွင်း စွမ်းအင်ဖူလုံမှုနှင့်တည်ငြိမ်မှုတို့ ဂယက်ရိုက်ခတ်လာနိုင်ပေသည်။

ယနေ့အချိန်အခါသည် စွမ်းအင်ကိုအကျိုးရှိစွာအသုံးပြုနိုင်ရေးအပြင် အစားထိုး စွမ်းအင်အရင်းအမြစ်များကိုပါ ထည့်သွင်းစဉ်းစားရမည့် အချိန်အခါလည်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်လျက်ရှိပြီး အာဆီယံစွမ်းအင်ကဏ္ဍအစီအစဉ်များ၌ ယခုကဲ့သို့ ပါဝင်ခြင်းသည် အရေးပါသည်။

မြန်မာနိုင်ငံသည် စွမ်းအင်ဖူလုံစိတ်ချရမှုကို ထိန်းသိမ်းရန်ဆောင်ရွက်လျက်ရှိပြီး တစ်ချိန်တည်း၌ပင် အစားထိုးစွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စွမ်းအင်ထိရောက်စွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေး အစီအစဉ်များကိုလည်း အကောင်းဆုံး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

စွမ်းအင်ဖူလုံစိတ်ချရမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို လျှော့ချနိုင်ရန် မြန်မာနိုင်ငံသည် အခြားသော အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းလက်တွဲ ကြိုးပမ်းအားထုတ်သွားမည် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ (၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးမှသည် အာဆီယံ၏ အနာဂတ်စွမ်းအင်ဖူလုံစိတ်ချရပြီး စွမ်းအင် လုံခြုံမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် အာဆီယံ+၃နှင့် EAS နိုင်ငံများနှင့်ပါ တက်ကြွစွာပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာစည်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၃၀

သာစည်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းအလှူနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ထူးချွန်ဆုပေးပွဲကို ဩဂုတ် ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် ကံဘဲ့ဘူတာရုံလမ်း အောင်ချမ်းသာကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့်အထက် ရန်ကုန်မြို့တွင် အမြဲနေထိုင်သည့် သက်ကြီး အသင်းဝင်များနှင့် ၂၀၀၈-၂၀၀၉ (၂)နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲများတွင် ဂုဏ်ထူးရရှိသည့် အသင်းဝင် သား၊ သမီးများ၏စာရင်းကို ဦးကျော်မြင့် ဖုန်း-၀၉-၅၁- ၅၆၁၃၆၊ ဦးအောင်မျိုး ဖုန်း-၆၆၄၃၅၅နှင့် ဒေါ်သွန်းတင် ဖုန်း-၆၃၇၀၀၅ တို့သို့ ကြိုတင်ဆက်သွယ်ကြရန်နှင့် သာစည်မြို့နယ် အသင်းသူ၊ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(မြန်မာ့အလင်း)

ကြို့ပင်ကောက်မြို့နယ်ပြန်/ဆက်ဦးစီး စာအုပ်စာစောင်များ လှူဒါန်းပွဲကျင်းပ

ကြို့ပင်ကောက် ဇူလိုင် ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဇူလိုင် ၂၃ရက် မွန်းလွဲ ၁နာရီခွဲက ကျင်းပသည်။

ပြောကြား

စာအုပ်လှူဒါန်းပွဲတွင် အလှူရှင် စာရေးဆရာ ဆင်ဖြူကျွန်းကျော်လှိုင်ဦးက စာအုပ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး ငွေကျပ် ၇၀၀၀၀ တန်ဖိုးရှိ စာအုပ် ၁၀၀၊ ကြို့ပင်သာရပ်ကွက် မူလွန်ကျောင်းအုပ်ဆရာကြီး ဦးဝင်းကြည်က သုတရသစာအုပ်မျိုးစုံ ၃၀တို့ကို အသီးသီးလှူဒါန်းကြရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းလေးကလက်ခံရယူပြီး **(အောက်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လှူဒါန်း

ကြို့ပင်ကောက်မြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတရသစာအုပ်စာစောင်များနှင့် ငွေပဒေသာပင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း သရက်မြို့နယ် ဒေသခံပြည်သူများနှင့်တွေ့ဆုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် ဇူလိုင် ၃၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ ဇူလိုင်၂၅ရက်က သရက်မြို့နယ် ၂၀၀၉ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားသို့ တက်ရောက်ပြီး သတ်မှတ်နေရာများ၌ ကျွန်းပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် တိုင်းဥက္ကဋ္ဌတို့သည် သရက်မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကျွန်းပင်ပေါင်း ၉၅၀ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် သရက်မြို့နယ် သရက်မြင့်ကျေးရွာ၌ ကျေးရွာအုပ်စုရှစ်အုပ်စု ကျေးရွာပေါင်း ၂၅ရွာတို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဖြည့်ဆည်းဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် သရက်မြင့်ကျေးရွာမှ ဒေသခံဦးစိုးမင်းဦးက နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် သရက်မြင့်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်အတွက် သွပ်များနှင့် သရက်မြင့်-စမ်းမကြီး-အုပ်ပုံကျေးရွာချင်းဆက်လမ်းတွင် ရေကျော်တံတားပြုလုပ်ရန် ဘိလပ်မြေအိတ်များကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃၁-၇-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၂၅ ၅။ မဟာဂီတချိုကြည်မြ
- ၄း၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၃၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၅၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၅ ၁၄။ 'ရွာ' ဟာသဇာတ်လမ်းတွဲ **ကော်ဖီဖိုးလေးအဆစ်ပါသွားပြီ**
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြားနတ်မယ်လေးရဲ့ ချစ်သံစဉ်** (အပိုင်း-၃)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ ရှင်သန်နေသောသီချင်းများ (Living Songs) တေးရေးနိုင်းနိုင်၏ ဒီဇင်ဘာညများထဲက အိပ်မက်ကဗျာတစ်ပုဒ် (အပိုင်း-၂)
- ၂၂။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့်ကျွန်ကျောင်း** (အပိုင်း-၃၃)
- ၂၅။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ (အပိုင်း-၂၅)

နေပြည်တော် မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၁-၈-၂၀၀၉)

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော်(ဓဇဂ္ဂသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ လောကနီတိ အသိရှိစေဖို့ လမ်း၌ယဉ်ကျေးခြင်း
- ၈း၄၀ တေးပဒေသာ
- ၉း၀၀ ဘဝအသွင် ကဗျာ့အမြင်(သစ်ပင်)
- ၉း၁၀ တေးပဒေသာ
- ၉း၃၀ မွေးနေ့လက်ဆောင်
- ၉း၄၅ အာဆီယံအစီအစဉ်
- ၁၀း၀၀ သောတရှင်လိုရာတေး
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ကလေးများအတွက်ပုံပြင် တလွဲမာန နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ မြင့်မိုရ်ကိုအဆီညှစ် ကညစ်နဲ့ရေးချင်တယ်
- ၁၁း၅၅ တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် တေးပဒေသာ
- ၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ပန်းပု)
- ၁၂း၃၀ ဟန်မျိုးစုံညီ တေးကိုသီ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်)
- ၁၃း၂၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။

- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါးထီပေါက်စဉ်
- ၁၆း၃၀ အမှတ်တရတေးလက်ဆောင်
- ၁၇း၀၀ လေလှိုင်းကြားကပွဲတင်သံ
- ၁၇း၁၅ တေးပဒေသာ
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ ခေတ်မရွေးသောတေးများ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၀၅ တေးချစ်သူရွေးသီတေးပန်းချီ
- ၁၈း၃၀ တေးပဒေသာ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၁၀ ခေတ်ဟောင်းတေး **နိုင်ငံရေးဦးတည်ချက်**
- ၁၉း၃၀ ကျန်းမာရေးရာသိကောင်းစရာ (ယားယံခြင်း)၊ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း သံစဉ်တေးသွားမေတ္တာစကား **စီးပွားရေးဦးတည်ချက်**
- ၂၀း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၁း၀၀ နိုင်ငံတကာအနုပညာ(၅၈) ခံစားနားဆင် မြန်မာတေးသံစဉ် **လူမှုရေးဦးတည်ချက်**
- ၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့နယ် ရတနာပုံ တယ်လီပို့အဆောက်အအုံ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ရတနာပုံမြို့သစ်ရှိ ကုမ္ပဏီများ၏ စက်ရုံများ၌ထုတ်လုပ်မည့် ဆက်သွယ်ရေးလုပ်ငန်းသုံး ပစ္စည်းနမူနာများနှင့် Internet ဆိုင်ရာ ဆက်စပ်ပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က ရတနာပုံမြို့သစ်စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်မှုလုပ်ငန်းများအခြေအနေ၊ ရတနာပုံမြို့သစ်၌ ဆက်သွယ်ရေးပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့် ထုတ်လုပ်မည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ ရန်ကုန်နှင့်မန္တလေး မြို့များတွင် ထပ်မံတိုးချဲ့တပ်ဆင်မည့် တယ်လီဖုန်းလိုင်းများအခြေအနေ၊ မြန်မာနိုင်ငံတွင် ထုတ်လုပ်တပ်ဆင်မည့် ခေတ်မီကျေးလက်ဒေသ ဆက်သွယ်ရေးစနစ်နှင့် Yatanarpon Cyber Hall နှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ရတနာပုံမြို့သစ် ကိုယ်ပိုင်အိမ်ရာစီမံကိန်း(မြောက်ပိုင်း)တွင် လူနေအိမ်ရာများ တည်ဆောက်နေမှု၊ မြေကွက်များချထားပေးမှု၊ လမ်းလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မေးမြန်းမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရတနာပုံမြို့သစ်တွင် ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီများမှ လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အမှာစကားပြောကြားရာ၌ ရတနာပုံမြို့သစ်ကို ခေတ်မီမြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ရေကောင်းရေသန့် ရရှိရေးနှင့် လျှပ်စစ်မီးများ လုံလောက်စွာရရှိနိုင်ရေးတို့ကိုလည်း စီမံထားကြောင်း၊ ကုမ္ပဏီ လုပ်ငန်းများအတွက်လည်း လုံလောက်သောမြေအသုံးချနိုင်ရန် စီမံထားရှိခြင်းကြောင့် စက်မှု လုပ်ငန်းများ ထူထောင်ရန် အစစအရာရာ ပြည့်စုံမှုများရှိကြောင်း။

ယနေ့ မိမိတို့နိုင်ငံတော် တည်ငြိမ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနိုင်ငံထူထောင် သွားကြရမည်ဖြစ်ကြောင်း၊ စက်မှုနိုင်ငံတစ်ခုအတွက် လိုအပ်သော အသိပညာရှင်၊ အတတ် ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကိုလည်း ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုကို မဏ္ဍိုင်ပြု၍ ဖွင့်လှစ်ပေးထားသည့် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာဆိုင်ရာ တက္ကသိုလ်များ၊ ကောလိပ်များမှ မွေးထုတ်ပေးလျက်ရှိရာ အသိပညာရှင်၊ အတတ်ပညာရှင် များ အထိုက်အလျောက်ရရှိနေပြီ ဖြစ်ကြောင်း။

စက်မှုလုပ်ငန်းများတွင် ပြည်တွင်းရှိကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကို အားပေး ကူညီပေးလျက်ရှိသကဲ့သို့ ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီများကိုလည်း သတ်မှတ် ထားသောဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ခွင့်ပြုပေး လျက်ရှိကြောင်း ပြောကြားပြီး နိုင်ငံတော်၏ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးကို နိုင်ငံတော်အစိုးရနှင့်အတူ စက်မှုကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရတနာပုံတယ်လီပို့ အဆောက်အအုံ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ရတနာပုံမြို့သစ်ရှိ ကုမ္ပဏီများ၏ စက်ရုံများ၌ ထုတ်လုပ်မည့် ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း နမူနာများနှင့် Internet ဆိုင်ရာ ဆက်စပ် ပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီများမှ တာဝန်ရှိသူများက ရှင်းလင်း တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်ရှိ MCC Training Institute (Yatanarpon) သို့ ရောက်ရှိကြရာ MCC Group Co.,Ltd. ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်ကကြိုဆိုပြီး သင်တန်းဖွင့်လှစ်မှုအစီအစဉ်များကို ရှင်းလင်း တင်ပြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် MCC Training Institute (Yatanarpon) အတွင်း နိုင်ငံတကာအသိအမှတ်ပြု ကွန်ပျူတာသင်တန်းနှင့် International Software Development Center တို့၌ သင်တန်းသား၊ သင်တန်းသူ များ တက်ရောက်သင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား၊ သင်တန်းသူများအား မိမိတို့ဝါသနာပါရာ အတတ်ပညာဆိုင်ရာကို သင်ကြားခွင့်ရရှိ နေပြီဖြစ်၍ နိုင်ငံတော်က အားထားရသည့် ထူးချွန်ထက်မြက်သော အတတ်ပညာရှင်များ ဖြစ်ရေး ကြိုးစားသွားကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်း အတွင်း ဆက်သွယ်ရေးဆိုင်ရာ အဆောက်အအုံများ၊ ကုမ္ပဏီ အဆောက်အအုံများနှင့် အဆင့်မြင့်လုံးချင်းအိမ်ရာများ ဆောက်လုပ်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

ရွှေတချောင်းမြောင်း

နိုင်ငံတော်ဝန်ကြီးချုပ်သည် တိုင်းမှူး၊ ဝန်ကြီးများနှင့် မန္တလေးမြို့တော်ဝန်တို့ လိုက်ပါလျက် ဇူလိုင် ၂၉ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၈ လမ်း နှင့် ၈၆ လမ်းသို့ ရောက်ရှိပြီး ရွှေတချောင်းမြောင်း ကျောက်ရိုးစီ မြေထိန်းနံရံ တည်ဆောက်ပြီးစီးမှုနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက် ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် နှင့် လမ်း/တံတားဌာန ခေတ္တဌာနမှူး ဒေါ်ခင်မမြေးတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ် အတွင်း လမ်း ၃၀ ကို ၆၂ လမ်းမှ မန္တလေး-ပြင်ဦးလွင် မြို့ပတ်လမ်းအထိ ပေ ၅၀ အကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးစီးမှု၊ ၃၅ လမ်းကို မြို့ပတ်လမ်းမှ ၅၃ လမ်း အထိ နိုင်လွန်ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးစီးမှုနှင့် ရန်ကုန်-မန္တလေးလမ်းမကြီး၏ မန္တလေးမြို့အဝင်လမ်းပိုင်းကို နိုင်လွန်ကတ္တရာခင်းရန် အခြေခံကျောက်လွှာခင်းနေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တိုင်းမှူးဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့မှ လေကြောင်း ဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ MCC Training Institute (Yatanarpon) အတွင်း နိုင်ငံတကာအသိအမှတ်ပြု ကွန်ပျူတာသင်တန်းနှင့် International Software Development Center တို့၌ သင်တန်းသား သင်တန်းသူများ တက်ရောက်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနိုင်ငံ ထူထောင်သွားကြရမည်ဖြစ်၊ စက်မှုနိုင်ငံတစ်ခုအတွက် လိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကိုလည်း ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု ကို မဏ္ဍိုင်ပြု၍ ဖွင့်လှစ်ပေးထားသည့် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ကွန်ပျူတာ တက္ကသိုလ်၊ နည်းပညာဆိုင်ရာ တက္ကသိုလ်များ၊ ကောလိပ်များမှ မွေးထုတ်ပေးလျက်ရှိရာ အသိပညာရှင်၊ အတတ်ပညာရှင်များ အထိုက်အလျောက်ရရှိနေပြီ။

ခရီးသွားလုပ်ငန်း တိုးချဲ့ရေးရည်ရွယ် ကမ္ဘောဒီးယား လေယာဉ်သစ်နှစ်စင်းဝယ်ယူပျံသန်း

ဖနောင်ပင် ဇူလိုင် ၃၀

ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် နိုင်ငံ့ဝင်ငွေမြင့်မားရေးအတွက် ရည်ရွယ်၍ ပထမအဆင့်အဖြစ် ကမ္ဘောဒီးယား အန်ကောလေကြောင်း (စီအေအေ)ဌာနအတွက် အေအိုင်အာ-၇၂ လေယာဉ်သစ်နှစ်စင်း ဝယ်ယူကာ စတင်ပျံသန်းခဲ့ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဖော်ပြပါလေကြောင်းဌာနက သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဌာနများ တိုးတက်စေရန်နှင့် စီးပွားရေးလုပ်ငန်းများ ဖန်တီးပေးစေနိုင်ရန် တက်ကြွစွာ ဆောင်ရွက်မည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က လေယာဉ်ပျံသန်းမှု အခမ်းအနားတွင် ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

စီအေအေက ဗီယက်နမ်လေကြောင်းဌာနနှင့် ဖက်စပ်လုပ်ကိုင်ပြီး ကမ္ဘောဒီးယားအစိုးရက ဝင်ငွေ ၅၁ရာခိုင်နှုန်းနှင့် ဗီယက်နမ်က ၄၉ရာခိုင်နှုန်း ပိုင်ဆိုင်ကြမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာသန်း ၁၀၀ရင်းနှီးမြှုပ်နှံထားသည်ဟု သိရသည်။

ပထမအဆင့်အဖြစ် မိမိတို့က အေတီအာ-၇၂ လေယာဉ်များဖြင့် ပျံသန်းမည်ဖြစ်ပြီး မဝေးတော့သည့် အနာဂတ်ကာလတွင် အဲယားဘတ်စ်လေယာဉ်များ ဝယ်ယူ အသုံးပြုတော့မည်ဟု ဒုတိယဝန်ကြီးချုပ်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျင့်ပြည်နယ်ရှိ နယူးလန်းကွန်ပျူတာကုမ္ပဏီ၏ အိုင်တီနည်းပညာပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းခွင်ကို ဇူလိုင် ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်တောင်ပိုင်း၌ ရထားတိမ်းမှောက် လေးဦးသေဆုံး၊ ၃၄ဦး ဒဏ်ရာရ

ပေကျင်း ဇူလိုင် ၃၀

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လျူကျိုမြို့တွင် ဇူလိုင်၂၉ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် ရထားလမ်းချော်ပြီး တိမ်းမှောက်မှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၃၄ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ပို့ဆောင်

ဒဏ်ရာရရှိသူများအား လျူကျိုမြို့ရှိ ဆေးရုံများသို့ အလျင်အမြန် ပို့ဆောင်ပေးခဲ့ပြီး ၁၁ ဦးမှာ အခြေအနေစိုးရိမ်ရကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ထိခိုက်

ယခုအကြိမ် ရထားမတော်တဆမှု ဖြစ်ပွားရခြင်းမှာ နှစ်လအတွင်း ဒုတိယအကြိမ်ဖြစ်သည်။ ဇွန်လအတွင်းက ဟူနန်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ရထားတိုက်မှုကြောင့် သုံးဦးသေဆုံးပြီး ၆၀ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **အင်တာနက်**

အစိုးရအလုပ်အကိုင်ရရှိရေး အမေရိကန်နိုင်ငံသားများ ကြိုးပမ်းလာ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၃၀

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်အများစုတွင် အလုပ်လက်မဲ့နှုန်း ၁၀ ရာခိုင်နှုန်းအထိ မြင့်မားလျက်ရှိသည်။ ယခင်က အစိုးရအလုပ်မလုပ်ကိုင်ခဲ့သူ အမေရိကန်နိုင်ငံသားများသည် ယခုအခါအစိုးရအလုပ်များ လုပ်ကိုင်ရန် ကြိုးပမ်းလာနေပြီဖြစ်ကြောင်း ဆင်ဟွာ သတင်း တစ်ရပ်တွင် ဖော်ပြထားသည်။

အလုပ်ဖြုတ်

အမေရိကန်ပြည်ထောင်စုရှိ ပုဂ္ဂလိက လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ဝန်ထမ်း ၂၃သမ၄ရာခိုင်နှုန်းအထိ ၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွင်းက အလုပ်ဖြုတ်ခံခဲ့ကြရပြီး အစိုးရဝန်ထမ်း ၀ဒသမ၃ရာခိုင်နှုန်းလည်း အလုပ်ပြုတ်ခဲ့ကြသည်။

အစိုးရဝန်ထမ်းများ၏လစာသည် ပုံမှန်အားဖြင့် ပုဂ္ဂလိကဝန်ထမ်းများလောက် မရရှိကြသဖြင့် စီးပွားရေးကျဆင်းမှုမဖြစ်ပွားမီက အမေရိကန်နိုင်ငံသားအများစုသည် အစိုးရအလုပ်ကို လုပ်ကိုင်လိုခြင်း မရှိခဲ့ပေ။

ကန့်သတ်ချက်

အစိုးရအလုပ်များ လုပ်ကိုင်ရာတွင် နောက်ကြောင်းရာဇဝင် စစ်ဆေးမှုများရှိပြီး တင်းကြပ်သည့်စည်းမျဉ်း ကန့်သတ်ချက်များကြောင့်လည်း အမေရိကန်အများစုက အစိုးရအလုပ်ကို မလုပ်လိုခြင်းဖြစ်သည်။ သို့ရာတွင် ယခုအခါ အခြေအနေမှာ ပြောင်းလဲနေပြီဖြစ်သည်။ ပုဂ္ဂလိကလုပ်ငန်းလောက် ဝင်ငွေမကောင်းသော်လည်း အစိုးရအလုပ်သည် ပိုမိုအာမခံချက်ရှိသည်ဟု လူအများစုက သိမြင်လာကြပြီဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စွန်လွှတ်ပွဲတော်

ဂျာမနီနိုင်ငံ မြောက်ပိုင်း စိန့်ပီတာ အောဒရင်းမြို့ရှိ ကမ်းခြေတွင် ကျင်းပသည့် ကမ္ဘာ့စွန်လွှတ်ပွဲတော်သို့ ခရီးသွားများ လာရောက် ကြည့်ရှုကြသည်ကို ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နှစ်ပေါင်း ၄၀၀၀၀က ကျောက်ဖြစ်ရုပ်ကြွင်း နယ်သာလန်ကမ်းလွန် ရေအောက်မှတွေ့ရှိ

ပေကျင်း ဇူလိုင် ၃၀

နယ်သာလန်နိုင်ငံ ကမ်းလွန်၌ ရှေးနှစ်ပေါင်း ၄၀၀၀၀က ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို ငါးဖမ်းလှေတစ်စင်းက ဆယ်ယူရရှိခဲ့သည်ဟု သတင်းဌာနများက ဖော်ပြသည်။ အဆိုပါ ငါးဖမ်းစက်လှေသည် နယ်သာလန်ကမ်းလွန်တွင် ငါးဖမ်းနေစဉ် ငါးဖမ်းပိုက်တွင်ယင်းရုပ်ကြွင်း ငြိပါလာရာမှ ယခုကဲ့သို့ ဆယ်ယူတွေ့ရှိခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ပြောကြား

ယင်းရုပ်ကြွင်းသည် အနည်းဆုံး နှစ်ပေါင်း ၄၀၀၀၀သက်တမ်းရှိပြီး ကမ်းလွန်ရေအောက်မှတွေ့ရှိရသည်ဟု ဂျာမနီနိုင်ငံ အရှေ့ပိုင်း လိုက်ပစ်တက္ကသိုလ်မှ ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားသည်။

တွေ့ရှိ

ထို့ပြင် လက်ဖြစ်ပုဆိန်တစ်လက်နှင့် ကျောက်မီးသေနတ်များတွင် အသုံးပြုခဲ့သော မီးခတ်ကျောက်များကိုလည်း တွေ့ရှိခဲ့သည်ဟုဆိုသည်။ *(အင်တာနက်)*

အာဖဂန်နစ္စတန်နိုင်ငံ ဒေသအနှံ့အပြား ဗုံးခွဲတိုက်ခိုက်မှုများနှင့် ကြုံတွေ့နေရ

ကဘူးလ် ဇူလိုင် ၃၀

အာဖဂန်နစ္စတန်နိုင်ငံ၌ ဇူလိုင် ၂၈ရက်က ဂရင်းနစ်စံတော်ချိန် နံနက် ၈နာရီခွဲအထိ လုံခြုံရေးနှင့် တည်ငြိမ်ရေး အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဟယ်လ်မန့်ပြည်နယ် ဂီရက်ခရိုင်တွင် မော်တော်ယာဉ်နှစ်စီး မောင်းနှင်လာစဉ် လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် လုံခြုံရေးအစောင့်တပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။

ထိုးစစ်ဆင်တိုက်ခိုက်

နူရစ်စတန်ပြည်နယ် ဘတ်မက်တယ်ခရိုင်တွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် တာလီဘန်စစ်သွေးကြွ ၁၆ဦး သေဆုံးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

ပြောကြား

တက်ဟာပြည်နယ် ဇူရပ်ခရိုင်တွင် ခရိုင်ရဲ အကြီးအကဲ လိုက်ပါလာသည့် မော်တော်ယာဉ်တန်း ဖြတ်သန်းမောင်းနှင်စဉ် အဝေးထိန်းလမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်သဖြင့် လမ်းသွားလမ်းလာ အာဖဂန်ပြည်သူနှစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲ မာမွတ်ဒီက ပြောကြားသည်။

လမ်းဘေးဗုံးပေါက်ကွဲ

ပက်တီကာပြည်နယ် ရှာရန်ခရိုင်တွင် လမ်းဘေးဗုံး ဇူလိုင် ၂၇ရက်က ပေါက်ကွဲသဖြင့် အလုပ်သမားတစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။

ကြေညာ

ခို့စ်ပြည်နယ်ဆာဘာရီခရိုင်ရှိ ဈေးဆိုင်တစ်ဆိုင်တွင် ပေါက်ကွဲမှုကြောင့် အရပ်သား တစ်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပျက်စီး

အီရတ်နိုင်ငံ ဘဂ္ဂဒက် မြို့တွင် ဗုံး ပေါက် ကွဲ မှု ကြောင့် ပျက်စီး သွားသော ကား တစ်စီးကို ဇူလိုင် ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တိုယိုတာကား အရောင်းပြခန်း

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိုယိုတာ ကားအရောင်းပြခန်း တစ်နေရာကို ဇူလိုင် ၂၉ ရက်က တွေ့ရစဉ်။

(ဇွန်လအတွင်း တိုယိုတာကားများ ထုတ်လုပ်မှုမှာ မေလကထက် ၂၃သမ ၄ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ လေကြောင်းမှ တိုက်ခိုက်မှု အကြမ်းဖက်သမား ၂၀သေဆုံး

လန်ဒီကိုတယ် ဇူလိုင် ၃၀

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာတောင်ကြားဒေသမှ စစ်သွေးကြွများ ခိုအောင်းရာနေရာလေးခုကို ပါကစ္စတန်ရဟတ်ယာဉ်များက ဇူလိုင် ၂၇ရက်တွင် သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ရာ အကြမ်းဖက်သမား ၂၀ သေဆုံးကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းဒေသတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုံခြုံရေးအတွက် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား မကြာခဏ ထိုးစစ်ဆင်ချေမှုန်းသည်ဟု သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီနာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီအစည်းအဝေး(၁၃/၂၀၀၉)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ရှင်းလင်းပြောကြား

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်

ကွတ်ခိုင် ဇူလိုင် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူးဦးဆန်းလှိုင်နှင့် ဒု-လက်ထောက်တိုင်းရင်းဆေးမှူးဒေါ်အေးမြမြကြူ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ဇူလိုင်၂၀ရက်က ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဒေသခံပြည်သူတို့အား ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကွင်းဆင်းဆေးကုသခြင်းဆောင်ရွက်ရာ ဒေသခံပြည်သူ ၅၇ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကမ္ဘာ့စီးပွားရေးခေါင်းစဉ်ဖြင့် ဟောပြောမည်

ရန်ကုန် ဇူလိုင် ၃၀

ကမ္ဘာ့စီးပွားရေးဂျာနယ် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဒေါက်တာမောင်မြင့်က ကမ္ဘာ့စီးပွားရေးခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဩဂုတ်၁ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်ကွန်ဖရင့်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၃၀-၇-၂၀၀၉

နေပြည်တော်	၀ ဒသမ ၇၀ လက်မ
အင်း	၇ ဒသမ ၅၅ လက်မ
ကျောက်တော်	၅ ဒသမ ၄၇ လက်မ
စစ်တွေ	၄ ဒသမ ၈၁ လက်မ
ပလက်ဝ	၄ ဒသမ ၃၃ လက်မ
ရေး	၃ ဒသမ ၇၄ လက်မ
ညောင်လေးပင်	၃ ဒသမ ၃၁ လက်မ
ရမည်းသင်း	၀ ဒသမ ၁၅ လက်မ

အများအားဖြင့် မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇူလိုင် ၃၀

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြားမိုးရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၃၁ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်း၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ ဖြစ်သည်။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်မြင့်ဆွေ - စုစည်းတင်ပြသည်

တရုတ်ဟန်မင်းဆက်ခေတ်မှ သင်္ချိုင်းဂူတွေ့ရှိ

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ဝေယန်ခရိုင်အတွင်း ယန်ကျိုးမြို့တွင် ဇူလိုင်၃၀ရက်က ရှေးဟောင်း သင်္ချိုင်းဂူတစ်ခုကို တရုတ်သုတေသနပညာရှင်များက တူးဖော်တွေ့ရှိခဲ့ရာ တရုတ်ဟန်မင်းဆက်ခေတ်မှ သင်္ချိုင်းဂူဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဗီယက်နမ်၌ A(H1N1) ဖြစ်ပွားသူ ၇၆၃ဦးရှိ

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ဇူလိုင် ၃၀ရက်က A(H1N1)တုပ်ကွေးရောဂါဖြစ်ပွားသူတစ်ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့သဖြင့် ဗီယက်နမ်နိုင်ငံ၌ ယင်းရောဂါဖြစ်ပွားသူ စုစုပေါင်း ၇၆၃ဦးရှိပြီဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

မစ္စစ္စပီပြည်နယ် ကြေးနီစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား

အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ် ဖူလ်တန်မြို့ရှိ ကြေးနီစက်ရုံတစ်ရုံ၌ ဇူလိုင်၃၀ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး အလုပ်သမားအများအပြား ဒဏ်ရာရရှိသွားကြောင်း မစ္စစ္စပီပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ ***(အောက်ပုံ)***

ကမ္ဘာ့ရွှေဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများကျဆင်းလျက်ရှိရာ တရုတ်ရွှေဈေးကွက်၌ ဇူလိုင်၃၀ရက် ဈေးကွက်ပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၃၁ ဒသမ ၁၄ဒေါ်လာအထိကျဆင်းခဲ့ကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

ရုရှားလုပ် ဂြိုဟ်တုခြောက်လုံး အောင်မြင်စွာလွှတ်တင်

ရုရှားနိုင်ငံမှ ဂြိုဟ်တုခြောက်လုံးကို သယ်ဆောင်သွားသည့် ဒုံးပျံတစ်စင်းကို ကာဇက်စတန်ရှိ ဘိုင်ကူနော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဇူလိုင်၃၀ရက် မွန်းလွဲပိုင်းက အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း ရုရှားအရာရှိများကပြောကြားသည်။ ***(ဝဲပုံ)***

ဩစတြေးလျအနောက်မြောက်ပိုင်း၌ စက်ချွတ်ယွင်း၍ လေယာဉ်အရေးပေါ်ဆင်းသက်ခဲ့ရ

ဩစတြေးလျနိုင်ငံ အနောက်မြောက်ပိုင်း ဘရွန်မီမြို့အနီးတွင် ဇူလိုင် ၃၀ရက် မွန်းလွဲပိုင်းက လေယာဉ်ငယ်တစ်စင်း စက်ချွတ်ယွင်းပြီး မြေပြင်သို့ အရေးပေါ်ဆင်းသက်ခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူငါးဦး ဒဏ်ရာရရှိခဲ့သည်။

ဂါဇာနှင့် အီဂျစ်နယ်စပ် ဆက်သွယ်ထားသည့်ဥမင်ပြိုကျ

ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်ဒေသတွင် ဂါဇာမြို့နှင့် အီဂျစ်နိုင်ငံနယ်စပ်ကို ဆက်သွယ်ထားသော ဥမင်လိုဏ်ခေါင်းတစ်ခေါင်း ဇူလိုင်၃၀ရက် မွန်းလွဲပိုင်းက ပြိုကျခဲ့ရာ ပါလက်စတိုင်းတစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

စပိန်မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ

စပိန်နိုင်ငံမြောက်ပိုင်း ဘူရာဂို့စ်မြို့တွင် ဇူလိုင်၃၀ရက်က ရဲတပ်ဖွဲ့ကင်းစခန်းတစ်ခုအနီး ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦး သေဆုံးပြီး လူ၆၀ခန့် ဒဏ်ရာရရှိသွားကြောင်း၊ အနီးရှိ အဆောက်အအုံတစ်ခုလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း စပိန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ကွမ်းလုံမြို့တွင်း စာသင်ကျောင်းများ၊ အဖွဲ့ပိုင်ဈေးများ၊ လမ်းဘေးရေမြောင်းများ၊ ခြင်ခိုအောင်းနိုင်သည့်နေရာများ၌ ဇူလိုင်၁၃ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ခြင်ဆေးဖျန်း ဆောင်ရွက်မှုလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်းကြီးကြပ်ဆောင်ရွက်စဉ်။ (ပြည်နယ် ပြန်/ဆက်)

ဖျာပုံမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲ
ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

နေပြည်တော် ဇူလိုင် ၃၀

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇူလိုင် ၂၆ရက်က ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု ရှမ်းကွင်းကြီးကျေးရွာ၌ Grand Lotus Travel & Tours ကုမ္ပဏီလီမိတက်ကလှူဒါန်းသော အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပေးအပ်

ဆက်လက်၍ အလှူရှင်ဦးကျော်စွာမင်းက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်ပြီး ဝန်ကြီးက အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ကျေးဇူးတင်စကား

ထို့နောက် အလှူရှင်က လေဘေးသင့်ကျေးရွာများအတွက် ငွေကျပ်ငါးသိန်း၊ ဝန်ကြီးက ကျောင်းဆောင်သစ်အတွက် ရုပ်မြင်သံကြားစက်၊ စာရေးကိရိယာနှင့် တိုင်ကပ်နာရီနှစ်လုံး၊ မိဘဆရာအသင်းနာယက ဦးတင်မြင့်နှင့် ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းတို့က ရှမ်းကွင်းကြီးစံပြကျေးရွာအတွက် ငွေကျပ်ငါးသိန်း၊ ကျောင်းစု မူလတန်းလွန်ကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ရှမ်းကွင်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် မြသီရိခရီးသွားလုပ်ငန်းက စာရေးခုံအစုံ ၅၀ တို့ကိုပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံကြပြီး ရပ်မိရပ်ဖတစ်ဦးနှင့် မြို့နယ်ပညာရေးမှူးတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက ကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ငွေကျပ်သိန်း ၂၀၀ ကျော်

ရှမ်းကွင်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်နှင့် စာရေးခုံ၊ စာရေးကိရိယာ၊ ရုပ်မြင်သံကြားစက်များအပါအဝင် လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ်သိန်း၂၀၀ ကျော်တန်ဖိုးရှိကြောင်း သိရသည်။ (သတင်းစဉ်)

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ
အင်္ဂပူမြို့နယ်တွင် ကျင်းပ

အင်္ဂပူ ဇူလိုင် ၃၀

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ မျိုးပြုန်းတီး ပျောက်ကွယ်မှုမရှိစေရန်၊ သဘာဝလယ်ကွင်းများတွင် ငါးမျိုးများ ပြန်လည်တည်တံ့စေရန်၊ ကျေးလက်နေပြည်သူများ ငါးစားသုံးမှုပိုမိုစေရန်အတွက် အင်္ဂပူမြို့နယ် ဘွက်ကျေးရွာအုပ်စုအတွင်းရှိ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၅ရက် နံနက် ၉ နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိန်သောင်း၊ အင်္ဂပူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးလှထွန်း၊ ငါးလုပ်ငန်း စခန်းတာဝန်ခံ ဦးမင်းမင်း၊ ခရိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးလက်နေပြည်သူများ တက်ရောက်ကြသည်။

စိုက်ထည့်

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးလှထွန်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် ဒေသခံတောင်သူများသို့ မျိုးစိုက်ထည့်မည့် ငါးသားပေါက်များကို လွှဲပြောင်းပေးအပ်သည်။ ၎င်းနောက် စပါးခင်းဧက ၁၀၀ အတွင်းသို့ ငါးခုံးမကြီး၊ တီလားပီးယားနှင့်ရွှေဝါငါးကြင်း စုစုပေါင်း ကောင်ရေငါးသောင်း မျိုးစိုက်ထည့်ခဲ့သည်။ (အပေါ်ပုံ) (၁၇၇)

ငါးရစ် ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

ဇူလိုင် ၁၈ရက်က အင်းစိန်မြို့နယ် အမှတ်(၂၇)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ၌ အုပ်စုအဆင့်(အထွေထွေဉာဏ်စမ်း-ဒုတိယ၊ ဘာသာစုံ-ဒုတိယ)ဆုရ စတုတ္ထတန်းမှ မောင်ကောင်းထက်နိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးစန်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

စီ-လိုင်စင်နည်းပြဆရာ သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၃၀

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ပံ့ပိုးမှုဖြင့် အာရှဘောလုံးအဖွဲ့ချုပ် (AFC)နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF)တို့ ပူးပေါင်းဖွင့်လှစ်သည့် AFC စီ-လိုင်စင် နည်းပြဆရာ သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက သုဝဏ္ဏရှိ ဘောလုံးအဖွဲ့ချုပ် သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် သင်တန်းနည်းပြ စင်ကာပူနိုင်ငံသား Mohamed Basir က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ သင်တန်းသား သင်တန်းသူများ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ (အောက်ပုံ)

တက်ရောက်

သင်တန်းကို ဩဂုတ် ၈ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဝန်ကြီးဌာန၊ ပြည်နယ်၊ တိုင်းနှင့် ကလပ်အသင်းများမှ သင်တန်းသား သင်တန်းသူ ၂၁ဦး တက်ရောက်ကြသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

မူးယစ်ဆေး အသိပညာပေး မိုးကောင်း၌ကျင်းပ

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ရက် နံနက်၁၀နာရီက မိုးကောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မဏ္ဍပ်ခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး မြစ်ကြီးနားမူးယစ်အထူးတပ်ဖွဲ့ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူး ဒေါ်ဇင်ဒေါ်က မူးယစ်ဆေးဝါးအန္တရာယ်နှင့်စပ်လျဉ်း၍ ဟောပြောသည်။ (၀၀၁)

နေပြည်တော်၌ ယာဉ်၊လမ်းစည်းကမ်း ပညာပေးဟောပြော

နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီက ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇူလိုင် ၂၁ရက် မွန်းလွဲ ၂နာရီက ကိုးရွာသပြေကုန်းကျေးရွာ၌ကျင်းပရာ နေပြည်တော်ပျဉ်းမနား ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းစိန်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စည်းကမ်းချက်များဟောပြောပြီး တရားသူကြီး ဦးခင်မောင်စိုးက တရားစီရင်ရေးနှင့် မြို့နယ်ဥပဒေအရာရှိ ဦးအောင်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေတို့ကို ရှင်းလင်းဟောပြောကြသည်။ (၀၈၄)

မုတ္တမ၌ ကျောင်းစိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုး

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို မုတ္တမအထက၌ ဇူလိုင် ၁၂ ရက် နံနက်ပိုင်းကကျင်းပရာ မုတ္တမမြို့နယ်ဥက္ကဋ္ဌ ဦးစံရီနှင့် မြို့နယ်သစ်တောဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သစ်ပင်မျိုးစုံ အပင် ၁၀၀၀ကျော်ကို စုပေါင်းစိုက်ပျိုးကြသည်။ (၀၁၃)

ဝိုင်းမော်မြို့နယ် ပညာရေးမှူးရုံးသစ် ဖွင့်ပွဲကျင်းပ

ဝိုင်းမော်မြို့ မြို့နယ်ပညာရေးမှူးရုံးသစ်ဖွင့်ပွဲကို ဇူလိုင် ၁ရက် နံနက် ၉နာရီက အဆိုပါရုံးသစ်၌ကျင်းပရာ မြို့နယ်ပညာရေးမှူးရုံးသစ်ကို ပြည်နယ်ပညာရေးမှူး ဦးခင်မောင်ထွေးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ *(ပြည်နယ် ပြန်/ဆက်)*

အမရပူရ ထွေ/အုပ် ပညာသင်စရိတ်ပေးအပ်

မန္တလေးတိုင်း အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ဇွန် ၁၅ရက် မွန်းလွဲ ၂နာရီက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ တက္ကသိုလ်အထိ ပညာသင်ကြားနေသော ဝန်ထမ်းသားသမီးများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးက အတန်းလိုက်ပညာသင်စရိတ်နှင့် စာရေးကိရိယာများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။ (၀၈၀)

ချောင်းမနားကျေးရွာ စာကြည့်တိုက်ပန္နက်တင်ပွဲကျင်းပ

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ချောင်းမနားကျေးရွာအုပ်စု ချောင်းမနား(တ)ကျေးရွာ မျိုးမြတ်သိန်းစာကြည့်တိုက်အတွက် အလှူငွေပေးအပ်ပွဲနှင့် ပန္နက်တင်ပွဲကို ဇူလိုင်၁၈ရက် မွန်းလွဲ ၁၂နာရီခွဲက အဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်မောင်က အဖွင့်အမှာစကားပြောကြားသည်။

(မြို့နယ် ပြန်/ ဆက်)

မူးယစ်ပညာပေးဟောပြောပွဲ ဝန်းသို၌ကျင်းပ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ဇွန် ၂၆ရက် မွန်းလွဲ ၂ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းကြည်က အထိမ်းအမှတ်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။

(မြို့နယ် ပြန်/ဆက်)

ရပ်ကွက်အလိုက် အမျိုးသမီးလွန်ဆွဲပြိုင်ပွဲကျင်းပ

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး ကျင်းပသော ရပ်ကွက်အလိုက် အမျိုးသမီးလွန်ဆွဲပြိုင်ပွဲကို ဇူလိုင် ၁၂ရက်က မြို့နယ်ကောင်စီရုံး မြက်ခင်းပြင်၌ကျင်းပရာ မြို့ပေါ်ခြောက်ရပ်ကွက်မှ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုရ ဈေးရုံဗိုလ်တဲရပ်ကွက်၊ ဒုတိယဆုရစက်ရုံရပ်ကွက်၊ တတိယဆုရ ကျော်ဇေယျာရပ်ကွက်နှင့် နှစ်သိမ့်ဆုရ ကျန်ရပ်ကွက်များအား မြို့နယ်ကောင်စီဥက္ကဋ္ဌ ဦးအောင်ဇင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်သည်။ *(၀၃၂)*

သွေးလွန်တုပ်ကွေးကာကွယ်ရေး ရေဦး၌ဆောင်ရွက်

ရေဦးမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ကျန်းမာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်ရှိ ရေမြောင်းများ၊ စာသင်ကျောင်းများအား ခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ ***(မြို့နယ်စည်ပင်)***

နောင်ချိုမြို့ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်

ကျောက်မဲခရိုင် နောင်ချိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင် ကြီးကြပ်မှုဖြင့် ဇူလိုင် ၁၇ရက် နံနက်ပိုင်းက နောင်ချိုမြို့နယ် မန္တလေး-လားရှိုး ပြည်ထောင်စုကားလမ်းမကြီး လမ်းဘေးဝဲယာ မြို့တွင်းလမ်းဘေးရှိ ပန်းအလှပင်များ ပြုပြင်စိုက်ပျိုးခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း စသည့် မြို့စိမ်းလန်းစိုပြည် သာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ *(၀၂၅)*

တီးတိန် ပြန်/ဆက်ဦးစီးဌာန ပညာသင်စရိတ်ပေးအပ်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှထောက်ပံ့သော တီးတိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ပေးအပ်ပွဲကို ဇွန် ၂၅ ရက်က မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်မှ ဝန်ထမ်းသားသမီးခုနစ်ဦးအား ကျောင်းသုံးဗလာစာအုပ် ၁၈၆ အုပ်နှင့် ငွေကျပ် ၁၉၀၀၀ကို ပေးအပ်ခဲ့သည်။ ***(မြို့နယ် ပြန်/ဆက်)***

ကြည့်ရှု အားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဘုတလင်မြို့နယ် ကျောင်းကုန်းကျေးရွာ၌ ကျင်းပသည့် စက်ရေတွင်းဖွင့်ပွဲတွင် ဒေသခံပြည်သူများ ရေခပ်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇူလိုင် ၂၆ရက် နံနက်ပိုင်းတွင် ရွှေဘိုခရိုင် ရွှေဘိုမြို့ရှိ ကြက်မွေးမြူရေးအထူးဇုန်ကို ကြည့်ရှုစစ်ဆေးပြီး ရွှေဘိုကျောက်မြောင်းလမ်းကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများနှင့်အတူ ရွှေဘိုမြို့ မြို့ရေပေးဝေရေး မဟာနန္ဒာကန်တူးဖော်ထားရှိမှုအခြေအနေ၊ ကလိုရင်းခတ်စက်ရုံနှင့် ရေစစ်ကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး ခင်ဦးမြို့ လောင်းရှည်ရေတင်လုပ်ငန်းနှင့် လက်တံမြောင်းမှ စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အောင်သီရိရပ်ရှိ ကြက်မွေးမြူရေးအထူးဇုန်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က မွေးမြူရေးဇုန်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များမှာကြားပြီး မွေးမြူရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ခင်ဦးမြို့ ဖွံ့ဖြိုးတိုးတက်မှု၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် မြို့တွင်းလမ်းများကိုလည်းကောင်း၊ ခင်ဦး-ဒီပဲယင်း-ဘုတလင်-မုံရွာလမ်းပိုင်း အခြေအနေများကိုလည်းကောင်း မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇူလိုင် ၂၇ရက်တွင် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါလျက် ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတောင်သူများစိုက်ပျိုးထားသည့် စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ဘုတလင်မြို့နယ် ကျောင်းကုန်းကျေးရွာ၌ ကျင်းပသည့် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက စက်ရေတွင်းခလုတ်ကို ဖွင့်လှစ်ပေး၍ စက်ခန်းနှင့် ရေကန်တို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများ ရေခပ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရေဘုတလင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ချောင်းဝကြီးကျေးရွာရှိ ကြိုးတံတားကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ကျေးရွာ "အေးရိပ်ဝေ" စာကြည့်တိုက်အတွက် စာအုပ်ဂျာနယ်များနှင့် ကျေးရွာကျန်းမာရေးဆေးခန်းအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အင်းတော်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးကာ မြစ်ရေစုပ်တင်နေမှုနှင့် ရေထုတ်မြောင်းမကြီးမှ စိုက်ပျိုးရေပေးဝေနေမှုတို့ကိုလည်းကောင်း၊ ယင်းမာပင်မြို့နယ် ရွှေတောင်ဦးနယ်မြေ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အောင်ဇေယျအိမ်ရာစီမံကိန်းရှိ နေအိမ်များ၊ စိုက်ခင်းများ၊ ရေစင်နှင့်ရေလှောင်ကန်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စုပေါင်းအလှူဒါနပြုပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၀

စုပေါင်းအလှူဒါနပြုပွဲ အခမ်းအနားကို ဩဂုတ်၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မိုးကုတ်ဆွမ်းစားကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဟိန္ဒူမိသားစုများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုပေါင်းအလှူဒါနပြုပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းပါဝင်လှူဒါန်းလိုသူများသည် ဦးထွန်းလင်း ဖုန်း-၀၉-၅၁-၈၂၃၇၉၊ ဦးစရ်ဝမ်း ဖုန်း-၀၉-၅၁-၀၈၅၄၁၊ ဦးအာရ်ကေအာနန္ဒ ဖုန်း-၀၉-၅၀-၀၀၄၅၃၊ဦးတီကေပေါ(လ်)ဖုန်း-၃၉၈၂၇၈နှင့် ဦးစိုးဝင်း ဖုန်း-၂၄၂၇၅၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဥတုရာသီတောကိုမှီ၍

(၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သော အာဆီယံစွမ်းအင်ဝန်ကြီးများနှင့် ဆွေးနွေးဖက် သုံးနိုင်ငံ (တရုတ်၊ ဂျပန်၊ ကိုရီးယား)နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများ၏ (၆)ကြိမ်မြောက် အစည်းအဝေးတက်ရောက်ကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ အဋ္ဌာနာဋိယသုတ်
၅:၁၅ MRTV-4 သတင်း ၆:၀၀
၆:၀၀ **မြို့စွဲ၊ အိမ်စွဲ၊ လူစွဲ ဒိဋ္ဌိဖြုတ် ဥပမာပြခန္ဓာဉာဏ်ရောက် သစ္စာလေးပါး** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၆:၅၀ မြသီတင်နှင့်တပြင်မခြား၊ ရွှေယွန်းနားဝယ်
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ကေရီ** (အပိုင်း-၂၈)
၈:၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီများရှင်ဒေါ်မြင့်မြင့်ခင်) (အပိုင်း-၂)
၉:၁၅ Sports World [(2009 UCI BMX WORLD CHAMPIONSHIPS (1)]
၉:၄၀ နိဗ္ဗာန်သို့ ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
၉:၅၅ လှမ်းခဲ့ပါဆွေ မနောမြေ
၁၀:၀၅ စွမ်းအင်နှင့်သူတို့(အပိုင်း-၂)
၁၀:၂၀ Make in A Delicious Way (မလေးရှားနိုင်ငံ Melaka ပြည်နယ်မှစွဲမက်ဖွယ်ရာအစားအစာများ)
၁၀:၄၅ နှလုံးသားမှစကားသံများ မျှဝေခံစားကြစို့လား
၁၁:၁၅ စိမ်းစိမ်းစိုစိုဆေးဖက်ဝင်လှသကို
၁၁:၃၅ တေးဂီတအစီအစဉ်
၁၁:၅၀ ဖက်ရှင်လမ်းညွှန် (လှပတော်ဝင်ရတနာဒီဇိုင်းဖက်ရှင်)
၁၂:၁၀ ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာ အားကိုးကြ
ခန့်စည်သူ၊ ဖြိုးငွေစိုး၊ မင်းရာဇာ၊ ပုလဲဝင်း၊ သဇင်၊ ဖူးစုံ၊ အရိုင်း [ဒါရိုက်တာမြင့်စိုး(ဝ/သ)]
၁၂:၃၅ Science Tech Today
၁:၀၀ **မြို့စွဲ၊ အိမ်စွဲ၊ လူစွဲ ဒိဋ္ဌိဖြုတ် ဥပမာပြခန္ဓာဉာဏ်ရောက်သစ္စာလေးပါး**တရားတော် (မုံလယ်တောရဆရာတော်ဘဒ္ဒန္တသံဝရ)
၂:၀၀ MRTV-4 သတင်း
၂:၅၀ World of Knowledge (The Sand is a Predator)(Part-2)
၃:၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၃:၃၅ VJ Choice
၄:၀၀ နိဗ္ဗာန်သို့ ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
၄:၁၅ သူတို့ပြောတဲ့သူတို့အကြောင်း (အကယ်ဒမီမြတ်ကေသီအောင်နှင့် တွေ့ဆုံခြင်း)
၄:၅၅ စွမ်းအင်နှင့်သူတို့(အပိုင်း-၂)
၅:၁၀ မအူပင်၊ ရေလဲကလေး၊ ရွှေတောင်မော်၊ ကျိုက်ပိ၊ မော်လမြိုင်ကျွန်းလမ်း တစ်လျှောက်တွင်ရှိသော လမ်းနှင့်တံတား စီမံကိန်း ရာဇူဒိုင်တံတားအမှတ်(၁+၂)
၅:၃၀ ဂီတသံစဉ်အလှဆင် (ဟေမာနေဝင်း)
၅:၅၀ လှပသစ်ဆန်းအလှပြင်ခန်း (The Salon)
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဖက်ရှင်လမ်းညွှန် (လှပတော်ဝင်ရတနာဒီဇိုင်းဖက်ရှင်)
၆:၄၅ Make in A Delicious Way (မလေးရှားနိုင်ငံ Melaka ပြည်နယ်မှစွဲမက်ဖွယ်ရာအစားအစာများ)
၇:၁၀ VJ Choice
၇:၃၅ စွဲမက်ဖွယ်ရာ ရတနာ (စိန်ကျောက်အလားဥ သဿဖရား) (အပိုင်း-၂)
၈:၀၀ MRTV-4 သတင်း
၈:၃၀ မအူပင်၊ ရေလဲကလေး၊ ရွှေတောင်မော်၊ ကျိုက်ပိ၊ မော်လမြိုင်ကျွန်းလမ်းတစ်လျှောက် တွင်ရှိသောလမ်းနှင့်တံတား စီမံကိန်း ရာဇူဒိုင်တံတားအမှတ်(၁+၂)
၈:၅၅ သူတို့ပြောတဲ့သူတို့အကြောင်း (အကယ်ဒမီမြတ်ကေသီအောင်နှင့် တွေ့ဆုံခြင်း)
၉:၂၀ လှပသစ်ဆန်းအလှပြင်ခန်း (The Salon)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ကေရီ** (အပိုင်း-၂၈)
၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
1. NIGHT OF THE JUMPS (Motocycle)
2. Strongestman Champion League
၁၁:၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂:၀၀ လှမ်းခဲ့ပါဆွေ မနောမြေ
၁၂:၁၀ ဟူးကောင်းကျားများတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁၂:၂၀ တစ်ကွင်းတစ်စပ်မြစ်ရေတင် လုပ်ငန်းများ
၁၂:၃၅ မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၁၂:၄၅ Science Tech Today
၁:၀၀ အစီအစဉ်ပြီး။

အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများနှင့် သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

(၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သော အာဆီယံစွမ်းအင်ဝန်ကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ (တရုတ်၊ဂျပန်၊ကိုရီးယား)နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများ၏ (၆)ကြိမ်မြောက် အစည်းအဝေး (6th ASEAN+3 Ministers on Energy Meeting) နှင့် အရှေ့အာရှ ဆွေးနွေးဖက်နိုင်ငံများ (ဩစတြေးလျ၊ အိန္ဒိယ၊ နယူးဇီလန်)မှ စွမ်းအင်ဝန်ကြီးများ၏ တတိယအကြိမ်မြောက် အစည်းအဝေး (Third E A S Ministers on Energy Meeting-3rd EAS EMM) ကို ဇူလိုင် ၂၉ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အရှေ့အာရှဆွေးနွေးဖက်နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စွမ်းအင်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန (ASEAN Centre for Energy- ACE) နှင့် အာဆီယံနှင့် အရှေ့အာရှဆိုင်ရာ စီးပွားရေးသုတေသနသိပ္ပံ (Economic Research Institute for ASEAN and East Asia) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးများတွင် သဘာပတိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အရှေ့အာရှဆိုင်ရာ နိုင်ငံများမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများက အမှာစကား ပြောကြားကြပြီး တက်ရောက်လာကြသူများက စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

သတင်းစာရှင်းလင်း

အစည်းအဝေးအပြီးတွင် သတင်းစာရှင်းလင်းပွဲကိုဆီဒိုးနားဟိုတယ်၌ ဆက်လက်ကျင်းပရာ (၂၇)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး သဘာပတိ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် Mr. Pushpanathan Sundram၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များနှင့် စာနယ်ဇင်းဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အစည်းအဝေးကျင်းပပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့် တာဝန်ရှိသူများက သတင်းထောက်များ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်၏ မြန်မာနိုင်ငံအပေါ်သဘောထားနှင့်ပတ်သက်၍ ကွဲပြားသည့်အမြင်နှစ်ခု

အမေရိကန်ရဲ့ မြန်မာနိုင်ငံအပေါ် သဘောထားနဲ့ ပတ်သက်လို့ မကြာခင်ကထွက်ပေါ်လာခဲ့တဲ့ ကွဲပြားတဲ့ အမြင်နှစ်ခုအကြောင်း တင်ပြချင်ပါတယ်။

ပထမ သဘောထားအမြင်ကတော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ရဲ့ အမြင်ပါ။ ပြီးခဲ့တဲ့ ဇူလိုင် တတိယပတ်က ထိုင်းနိုင်ငံ ဖူးခက်မြို့မှာ ကျင်းပခဲ့တဲ့ ASEAN Regional Forum(ARF) အစည်းအဝေး တက်ရောက်ခဲ့စဉ်တုန်းက သတင်းထောက်တွေကို ပြောကြားခဲ့တာ ဖြစ်ပါတယ်။

မစ္စစ်ကလင်တန်က "အမေရိကန်နိုင်ငံဟာ မြန်မာနိုင်ငံ စစ်အစိုးရရဲ့ အပြုအမူတွေ ပြောင်းလဲလာတာကို မြင်ချင်ပါတယ်။ အဲဒီအထဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့က အဓိကအချက်ပဲ"လို့ ပြောသွားပါတယ်။ "ဒေါ်စုကြည်ကိုသာ လွှတ်ပေးမယ်ဆိုရင် အမေရိကန်ဘက်က မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးတိုးမြှင့်ဖို့ အခွင့်အလမ်းတွေ တိုးမြှင့်လာမှာဖြစ်ပါတယ်။ အဲဒီအခွင့်အလမ်းတွေထဲမှာ မြန်မာနိုင်ငံမှာလာပြီး ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ကိစ္စတွေလည်း ပါလာနိုင်ပါတယ်"လို့ သူကပြောသွားပါတယ်။

"တကယ်လို့ ဒေါ်အောင်ဆန်းစုကြည်ကိုသာ လွှတ်မပေးဘူးဆိုရင် အာဆီယံအဖွဲ့အနေနဲ့ သင့်လျော်တဲ့ပေါ်လစီအပြောင်းအလဲလုပ်သင့်တယ်"လို့လည်း အာဆီယံနိုင်ငံတွေကို သူက တိုက်တွန်းသွားပါသေးတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လ ၂၅ရက်နေ့က အမေရိကန်သမ္မတအိုဘားမားက မြန်မာနိုင်ငံက ပို့ကုန်အားလုံးကို တားမြစ်ပိတ်ဆို့တဲ့ ပြဋ္ဌာန်းချက်ကို ဆက်ပြီးသက်တမ်းတိုးမယ့် ဥပဒေကို လက်မှတ်ရေးထိုးခဲ့ပြန်ပါတယ်။ ဆုပ်ထားတဲ့ လက်သီးတွေကို လက်ဆွဲနှုတ်ဆက်ဖို့ အမြဲတမ်းလက်ကမ်းကြိုနေပါမယ်ဆိုတဲ့ သမ္မတအိုဘားမားရဲ့ လက်တွေဟာ မြန်မာပြည်သူတွေကို ဆက်လက်ပြီး ဆင်းရဲဒုက္ခခံစားရစေမယ့် ပိတ်ဆို့ပြဋ္ဌာန်းမှုတွေကို လက်မှတ်ရေးထိုးခဲ့တာကတော့ စိတ်မကောင်းစရာပါပဲ။

အဲသလို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ကလင်တန်ရဲ့ သဘောထားမှတ်ချက်တွေ ထွက်ပေါ်လာပြီး မကြာခင်မှာပဲ အဲဒီအမြင်ကို တုံ့ပြန်ဝေဖန်တဲ့ နောက်ထပ် သဘောထားအမြင်တစ်ခု အမေရိကန်နိုင်ငံထဲကပဲ ထွက်ပေါ်လာခဲ့ပါတယ်။

ဒီအမြင်သဘောထားကတော့ Ameri Cares ဆိုတဲ့ အမေရိကန်ပရဟိတလူမှုရေးအဖွဲ့ရဲ့ ယူရေးရှားနဲ့ အာရှပစိဖိတ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်ပြီး အမေရိကန်နိုင်ငံခြားရေးမူဝါဒနဲ့ ပတ်သက်လို့ ဩဇာကြီးမားတဲ့ အကြံပေးသုခမိန်အဖွဲ့ဖြစ်တဲ့ Council of Foreign Relation မှာ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သူ Ms. Ella Gudwin ဖြစ်ပါတယ်။ မီးစ်ဂူဒွင်ဟာ သူ့အမြင်ကို ဇူလိုင် ၂၂ ရက်နေ့ထုတ် Christian Science Monitor သတင်းစာမှာ ဖော်ပြခဲ့တာပါ။

တောသားလေး

မီးစ်ဂူဒွင်ဟာ ပြီးခဲ့တဲ့နှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဝင်ပြီးတဲ့နောက် မြန်မာနိုင်ငံကို အကူအညီပေးဖို့ နိုင်ငံတကာက ပရဟိတလူမှုရေးအသင်းအဖွဲ့တွေ ဝင်လာခဲ့ကြတုန်းက မြန်မာနိုင်ငံကိုရောက်ခဲ့ဖူးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့တဲ့သူ ဖြစ်ပါတယ်။ ရပ်ရွာလူကြီးတွေ၊ ရှာဦးကျောင်းဘုန်းတော်ကြီးတွေ၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းက ပုဂ္ဂိုလ်တွေ၊ တပ်မတော်သားတွေနဲ့ လက်တွဲပြီးတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ကိုင်ခဲ့ရလို့ မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ အခြေအနေကို အတိုင်းအတာတစ်ခု အထိ ဂဃနဏ သိထားတဲ့သူလို့လည်း ဆိုနိုင်ပါတယ်။

မီးစ်ဂူဒွင်ကတော့ မစ္စစ်ကလင်တန်ရဲ့အမြင်ကိုသဘောမတူပါဘူး။ ဒေါ်စုကြည် လွှတ်မြောက်ရေးအပေါ် ဒီလိုအလွန်အမင်းပုံကြီးချဲ့ပြီး အလေးထားလွန်းတဲ့ မူဝါဒကတော့ နှစ်ပေါင်းများစွာ ကြာခဲ့ပေမယ့် ဘာမှအလုပ်မဖြစ်ခဲ့ဘူးလို့ သူက ထောက်ပြပါတယ်။

သမ္မတအိုဘားမားအစိုးရဟာ လက်သီးဆုပ်ထားတဲ့ လက်တွေကို လက်ဆွဲနှုတ်ဆက်ဖို့ လက်ကမ်းလမ်း ဖွင့်ပေးနေတယ်ဆိုရင် အဲဒီစာရင်းထဲကို မြန်မာနိုင်ငံကိုလည်း ထည့်သွင်းသင့်တယ်လို့သူကဆိုပါတယ်။ ဒါဟာ ဒေါ်စုကြည် လွှတ်မြောက်ရေးအတွက် မပြောရဘူးလို့တော့ မဆိုလိုပါဘူးတဲ့။ ဒါပေမယ့် မြန်မာနိုင်ငံကို ဖိအားပေး၊ ပြစ်ဒဏ်ပေး ပိတ်ဆို့ပြီး သီးခြားအထီးကျန်ဖြစ်နေအောင် လုပ်ထားတဲ့ မူဝါဒမျိုးကနေပြီးတော့ ကွဲပြားခြားနားတဲ့ နည်းလမ်းကို ရှာသင့်ပြီလို့ ပြောချင်တာဖြစ်ပါတယ်တဲ့။

မီးစ်ဂူဒွင်က ပြီးခဲ့တဲ့ နာဂစ်အရေးအခင်းမှာ မြန်မာအစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဒေသခံပြည်တွင်းလူမှုရေးအသင်းအဖွဲ့တွေ တက်တက်ကြွကြွ အောင်အောင်မြင်မြင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြတာကို ထောက်ပြပြီးတော့ "အဲဒီကာလမှာ အမေရိကန်နိုင်ငံရဲ့ မူဝါဒကိုချဉ်းကပ်ပုံအသစ်နဲ့ပြောင်းလဲဖို့ အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပေမယ့် အဲဒီတုန်းက အမေရိကန်သမ္မတဘုရှ်ဟာ အခွင့်အရေးကို လက်လွှတ်ပစ်ခဲ့တယ်။ လူသားချင်းစာနာထောက်ထားမှုအရ အကူအညီပေးမှုတွေနဲ့ မြန်မာနိုင်ငံကို ပြန်ပြီးချဉ်းကပ်ဆက်ဆံနိုင်ပေမယ့် အဲဒီအစားသမ္မတဘုရှ်ဟာ နာဂစ်အပြီး မကြာခင် ဇူလိုင်လမှာပဲ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုတွေ သက်တမ်းထပ်တိုးခဲ့သလို ပိတ်ဆို့မှုတွေကိုလည်း ထပ်မံတိုးမြှင့်ခဲ့တယ်"လို့ ဝေဖန်ခဲ့ပါတယ်။

မြန်မာနိုင်ငံက အာဏာပိုင်တွေဟာ အပြင်ဘက်က ထင်မြင်သလို ဘာမှမသိနားမလည်တဲ့ ညှိနှိုင်းလို့မရတဲ့ လူသားတွေ မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ နာဂစ်မုန်တိုင်းကယ်ဆယ်ရေးလုပ်ခဲ့တုန်းက သူ့ကို အများဆုံးကူညီခဲ့တာဟာ ဒေသန္တရအုပ်ချုပ်ရေးတာဝန်ရှိသူတွေနဲ့ တပ်မတော်အရာရှိတွေ ဖြစ်တယ်လို့ သူကဆိုပါတယ်။

မီးစ်ဂူဒွင်က အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ ဆောင်ရွက်သင့်တဲ့ နည်းလမ်းသုံးသွယ်ကိုလည်း အကြံပြုသွားခဲ့ပါတယ်။ အဲဒီနည်းလမ်းတွေကတော့ အမေရိကန်ပရဟိတလူမှုရေးအသင်းအဖွဲ့တွေ မြန်မာနိုင်ငံမှာသွားပြီး ပြန်လည်တည်ဆောက်ရေးနဲ့ လူမှုရေးဖွံ့ဖြိုးမှုအတွက် ကူညီဆောင်ရွက်ပေးမှုတွေကို အစိုးရက အားပေးထောက်ခံဖို့၊ ပြုပြင်ပြောင်းလဲရေးလိုလားမှုရှိတဲ့ အလယ်အလတ်အဆင့် အရာရှိတွေနဲ့ပါ ထိတွေ့ဆွေးနွေးဆက်ဆံပြီး အပြန်အလှန် ယုံကြည်မှုတည်ဆောက်ဖို့၊ မြန်မာနိုင်ငံရဲ့ အနာဂတ်အရေးအပေါ် စိတ်ဝင်စားမှုရှိကြတဲ့ တရုတ်၊ အိန္ဒိယ၊ အာဆီယံနိုင်ငံတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး သင့်လျော်တဲ့ အစီအစဉ်တွေ ချမှတ်ဖို့ဖြစ်တယ်လို့ ဆိုပါတယ်။

အခုတင်ပြခဲ့တဲ့ **မြန်မာနိုင်ငံအပေါ် အမေရိကန်ရဲ့ မူဝါဒသဘောထားနဲ့ပတ်သက်လို့ ကွဲပြားတဲ့အမြင်နှစ်မျိုးအပေါ် ဘယ်သူ့အမြင်က မြန်မာနိုင်ငံပြည်သူတွေရဲ့ အကျိုးစီးပွားနဲ့ ကိုက်ညီဆီလျော်ပြီး လက်တွေ့ကျတဲ့ သဘောဆောင်နိုင်မလဲ ဆိုတာကိုတော့ စာရှုသူများ ကိုယ်တိုင်ပဲ စဉ်းစားသုံးသပ်ကြစေချင်ပါတယ်။** တောသားလေးကတော့ ဒီအမြင်နှစ်ခုကို ဖတ်ကြည့်မိတဲ့အခါ "ပျားရည်တစ်စက်ဟာ မုတ်ခါးတစ်ဂါလန်ထက် ပိုပြီးတော့ ယင်ကောင်တွေကို ဖမ်းနိုင်တယ်"ဆိုတဲ့ ကမ္ဘာကျော်တက်ကျမ်းစာရေးဆရာကြီး ဒေးလ်ကာနေဂျီရဲ့ မိတ်ဆွေဖွဲ့နည်းစာအုပ်ထဲက အတွေးအခေါ်လေးတစ်ခု ခေါင်းထဲကို ပြေးဝင်လာမိကြောင်းပါခင်ဗျာ။ ။

> **မီးစ်ဂူဒွင်က အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ ဆောင်ရွက်သင့်တဲ့နည်းလမ်းသုံးသွယ်ကိုလည်း အကြံပြုသွားခဲ့ပါတယ်။ အဲဒီနည်းလမ်းတွေကတော့ အမေရိကန် ပရဟိတလူမှုရေးအသင်းအဖွဲ့တွေ မြန်မာနိုင်ငံမှာသွားပြီး ပြန်လည်တည်ဆောက်ရေးနဲ့ လူမှုရေးဖွံ့ဖြိုးမှုအတွက် ကူညီဆောင်ရွက်ပေးမှုတွေကို အစိုးရက အားပေးထောက်ခံဖို့၊ ပြုပြင်ပြောင်းလဲရေးလိုလားမှုရှိတဲ့ အလယ်အလတ်အဆင့် အရာရှိတွေနဲ့ပါ ထိတွေ့ဆွေးနွေးဆက်ဆံပြီး အပြန်အလှန် ယုံကြည်မှုတည်ဆောက်ဖို့၊ မြန်မာနိုင်ငံရဲ့ အနာဂတ်အရေးအပေါ် စိတ်ဝင်စားမှုရှိကြတဲ့ တရုတ်၊ အိန္ဒိယ၊ အာဆီယံနိုင်ငံတွေနဲ့ ပေါင်းစပ် ညှိနှိုင်းပြီး သင့်လျော်တဲ့အစီအစဉ်တွေ ချမှတ်ဖို့ဖြစ်တယ်လို့ ဆိုပါတယ်။**

* ကျောဖုံးမှ

ဖြစ်ထွန်းနေ

စက်လှေကို အရှိန်လျှော့ပြီး ကမ်းနဖူးပေါ် တက်လိုက်သည်နှင့် မျက်စိတစ်ဆုံး ဟင်းသီးဟင်းရွက် စိုက်ခင်းများကို မြင်တွေ့လိုက်ရသည်။ အံ့သြစရာကောင်းလှသည့် မြင်ကွင်း။ ဖြစ်ထွန်းနေလှသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ။

ပါဝင်

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာ အတော်များများမှာ နာဂစ်မုန်တိုင်းဒဏ် ကြုံတွေ့ခံစားရသည်။ ထိုသို့ ခံစားခဲ့ရသည့် ရွာများ၌ ဖိုးသာအေးကျေးရွာလည်း ပါဝင်သည်။ မုန်တိုင်းဒီရေဒဏ်ကို ခံစားခဲ့ရသလို မုန်တိုင်းဒဏ်ကိုလည်း ကြုံတွေ့ခဲ့ရသည်။

ယခုတွေ့ရှိလိုက်ရသည့်မြင်ကွင်းကား ပြီးခဲ့သည့်နှစ်က ကြုံတွေ့ခဲ့ရသည့် မုန်တိုင်းဒဏ်ကို ခံစားခဲ့ရသော ဖိုးသာအေးကျေးရွာမှ ဟုတ်ပါ့မလားထင်ရလောက်အောင် ဒဏ်ရာဒဏ်ချက်များ စိုးစဉ်းမျှမတွေ့ရတော့။ ထို့အတူ ဟင်းသီးဟင်းရွက်စိုက်သူ တောင်သူများ၏ မျက်နှာတွင်လည်း သဘာဝဘေး၏ ခါးသီးမှုဒဏ်ကို ပြန်လည်သတိရမှု အရိပ်အယောင် မတွေ့ရတော့။ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလအတွက်ကျော်လွှားဖြတ်သန်းရန် အင်အားအပြည့်ရှိပုံကို အထင်းသား တွေ့မြင်ရသည်။ **"ရိုးသားကြိုးစား ဧရာဝတီတိုင်းသား"** ဟူသော ဆောင်ပုဒ်နှင့် ကိုက်ညီလှသည်။

ဖိုးသာအေးကျေးရွာအပြင်ဘက် ကမ်းနားတစ်လျှောက် မုန်လာခင်းများ၊ ပုံလုံသီးစိုက်ခင်းများ၊ကြက်ဟင်းခါးသီး စိုက်ခင်းများ၊ သခွားစိုက်ခင်းများ၊ ချဉ်ပေါင်စိုက်ခင်းများနှင့် ခဝဲစိုက်ခင်းများကို တစ်မျှော် တစ်ခေါ်၊ တစ်ခန်းတစ်လျားမြင်တွေ့ရသည်။ အောင်မြင်ဖြစ်ထွန်းနေသော ပုံလုံသီးစိုက်ခင်းများမှ ကြီးထွားနေသော ပုံလုံသီးများကလည်း အားရဖွယ် ပြွတ်သိပ်နေအောင် သီးလျက်ရှိသည်။

စီးပွားဖြစ်စိုက်ပျိုး

ပုံလုံသီး စိုက်ပျိုးထားသော စင်တစ်စင်အောက်၌ အလုပ်လုပ်နေသော တောင်သူတစ်ဦးကို မေးမြန်းရာ



"ဖိုးသာအေးကျေးရွာအုပ်စုမှာ ဒီလို ပုံလုံသီးစိုက်ခင်းတွေ ၃၅ခင်း လောက်ရှိပါတယ်"

ဦးအင်ငွေး

ပုံလုံသီးစိုက်ပျိုးသူတောင်သူ၊ ဖိုးသာအေးကျေးရွာ။

"ကျွန်တော့်နာမည် ဦးအင်ငွေးဖြစ်ပါတယ်။ ပုံလုံစိုက်ပျိုးတဲ့ ခြံအကျယ်အဝန်းက အန်ပေ ၈၀နဲ့ အလျားပေ ၂၅၀ခန့်ရှိပါတယ်။ ပုံလုံသီးကို စိုက်ပျိုးတာ အချိန်ကုန်လည်း သက်သာတယ်။ ငွေလည်း မြန်မြန်ပေါ်တယ်။ ကုန်ကျစရိတ်လည်း မများဘူး။ ဒါကြောင့် စီးပွားဖြစ်စိုက်ပျိုးနေခြင်းဖြစ်ပါတယ်" ဟု သတင်းအဖွဲ့အား ရှင်းပြသည်။

ငွေပေါ်လွယ်

ပုံလုံသီးမှာ သက်တမ်းတိုပြီး ငွေပေါ်လွယ်သည်။ အစေ့ကို စိုက်ပျိုးခြင်းဖြစ်ပြီး အစေ့စိုက်ပြီး ၂၅ရက်နှင့် ရက်၃၀အကြာတွင် ပုံလုံသီးများ စတင်၍ ခူးရပြီဖြစ်သည်။ လေးရက်ခြား တစ်ကြိမ် ပုံလုံသီးများ ဆွတ်ခူး၍ရပြီး တစ်ရာသီလျှင် ပုံလုံသီးအတောင့် ၄၅၀၀ခန့် ခူးဆွတ်၍ရကြောင်း သိရသည်။

မုန်လာရွက်ခူးနေသော ဖိုးသာအေးကျေးရွာမှ ဧရာဝတီတိုင်းသူများ၏ လုပ်အားအလှကလည်း တန်ဖိုးရှိစွာ။ (မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ဖိုးသာအေးကျေးရွာ အပြင်ဘက် ဟင်းသီးဟင်းရွက်စိုက်ခင်းများကိုကြည့်ရင်း လေဒဏ်၊ ရေဒဏ် ခံခဲ့ရသော်လည်း ရိုးသားကြိုးစားမှုဖြင့် ပြန်လည်သန်စွမ်း ထူထောင်နိုင်ကြသော ဧရာဝတီသားတို့၏ အားမာန်ကို လေးစားမှုဖြစ်။ ဖိုးသာအေးကျေးရွာအုပ်စုမှ နေ့စဉ်ထွက်ရှိသော ပုံလုံ၊ မုန်လာရွက်၊ မုန်လာဥ၊ ခဝဲ၊ ကြက်ဟင်းခါး စသည့် ဟင်းသီးဟင်းရွက်များကို မော်လမြိုင်ကျွန်းနှင့် ဘိုကလေး မြို့နယ်များသို့ နေ့စဉ် စက်လှေကြီးများ၊ စက်တပ်လှေများဖြင့် တင်ပို့နေသည်ဖြစ်ရာ ဒေသတွင်း ဟင်းသီးဟင်းရွက်စားသုံးမှုကို ဖူလုံစေလျက်ရှိ။

တင်ပို့ရောင်းချ

ဖိုးသာအေးကျေးရွာတွင် ပုံလုံသီးစိုက်ပျိုးသည့် စိုက်ခင်း ၃၅ခင်းခန့်ရှိသည်။ ဖိုးသာအေးကျေးရွာအုပ်စုတွင် ဖိုးသာအေးရွာ၊ ပန်းခကန်စုရွာ၊ ဝွေးကုန်းရွာနှင့် ဦးမန်းရွာတို့ ပါဝင်သည်။ ယင်းရွာများ၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးသည့် အခြား ဟင်းသီးဟင်းရွက်ခင်းများ ပါဝင်သည်။ ဖိုးသာအေးကျေးရွာမှထွက်ရှိသော ဟင်းသီးဟင်းရွက်များမှာ ဖျာပုံ၊ ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့နယ်များသို့ တင်ပို့ရောင်းချသည်။

တပြန့်တပြော

ကမ်းနားတစ်လျှောက် စိုက်ပျိုးထားသော စိုက်ခင်းများကို လှေ့လာကြည့်ရာတွင် မုန်လာစိုက်ခင်းများကိုလည်း တပြန့်တပြော တွေ့ရသည်။ မုန်လာခင်းအတွင်း မုန်လာပင်များကို နုတ်နေသူများ၊ မုန်လာရွက်များကို အစည်းများ စည်းနေသူများအား တွေ့မြင်ရသည်။ မုန်လာကို မြေပေါင်များပြုလုပ်၍ စိုက်ပျိုးခြင်းဖြစ်ပြီး အကျယ်သုံးပေ၊ အမြင့် တစ်ပေခန့်ရှိသော မြေပေါင်များပေါ်တွင် မုန်လာမျိုးစေ့ကြဲ၍ စိုက်ပျိုးခြင်းဖြစ်သည်။ မျိုးမှာ ဒေသထွက် မျိုးများပင်ဖြစ်သည်။

ပိဿာ၂၀ ရရှိ

အရွက်စား မုန်လာဆိုလျှင် အစေ့ကြဲပြီး သုံးရက်ခန့်ကြာလျှင် အပင်ပေါက်ကာ ၂၅ရက်ခန့် အကြာ၌ စတင်နုတ်ယူပြီး ဈေးကွက်တင်ပို့ခြင်းဖြစ်သည်။ အလျား ပေ ၆၀၊ အနံ သုံးပေရှိသော မုန်လာရွက်စိုက်ခင်း တစ်ခင်းလျှင် မုန်လာရွက် အချိန် ပိဿာ၂၀ ရရှိကြောင်း သိရသည်။

သိန်းနှင့်ချီထွက်ရှိ

ထို့အတူ မုန်လာဥနုတ်ယူသည့် အနေအထားမှာ အလျားပေ ၆၀၊ အနံ သုံးပေရှိသော စိုက်ခင်းပေါင်တစ်ခုတွင် မုန်လာဥပိဿာ ၆၀ ခန့်ထွက်ရှိသည်။ ဖိုးသာအေးကျေးရွာအုပ်စုမှ မုန်လာရွက်ထွက်ရှိမှုမှာ တစ်ရာသီလျှင် မုန်လာရွက်ပိဿာ သိန်းနှင့်ချီကာ ထွက်ရှိကြောင်း သိရသည်။ ထို့အတူ မုန်လာဥမှာလည်း တစ်ရာသီလျှင် ပိဿာသန်းနှင့်ချီကာ ထွက်ရှိကြောင်း မုန်လာစိုက် တောင်သူများက ပြောပြသည်။

စတင်သီး

တစ်ဖန် စိုက်ခင်းများကို ဆက်လက်လှေ့လာကြည့်ရာ သခွားစိုက်ခင်းကို တွေ့ရသည်။ အလျားပေ ၆၀၊ အန် ပေ၄၀ စိုက်ခင်းများဖြစ်ပြီး သခွားစေ့များမှ စိုက်ပျိုးခြင်းဖြစ်သည်။ သခွားစေ့များကို မြေချစိုက်ပျိုးပြီး တစ်လခန့်အကြာတွင် အသီးများ စတင်သီးပြီဖြစ်သည်။ သခွားသီးများကို ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်ခူးပြီး တစ်ကြိမ်ခူးလျှင် သခွားစိုက်ခင်း တစ်ခင်းကို သခွားသီးအလုံး၆၀၀ခန့် ရရှိကြောင်း သခွားစိုက်တောင်သူများက ပြောပြသည်။

မော်လမြိုင်ကျွန်း မြို့နယ် ဖိုးသာအေးကျေးရွာ ဟင်းသီးဟင်းရွက်စိုက်ခင်းများမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များကို ဤသို့ စက်လှေနှင့် လှေများဖြင့် သယ်ယူပြီး ရောင်းချမှုပြုကြသည့် မြင်ကွင်း။ (မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့နယ် ဖိုးသာအေးကျေးရွာ အပြင်ဘက်ရှိ ခဝဲသီးပင်များ စိုက်ပျိုးထားမှုကလည်း ဖွံ့ဖြိုးကြီးထွားစွာ ....။ (မြန်မာ့အလင်း)

အားရဖွယ်

ဖိုးသာအေးကျေးရွာအပြင်ဘက် ကမ်းနားတစ်လျှောက်တွင် ခဝဲစိုက်ခင်းများနှင့် ကြက်ဟင်းခါးသီးစိုက်ခင်းများကိုလည်း အားရဖွယ်မြင်တွေ့ရသည်။ ကြက်ဟင်းခါးသီး စိုက်ခင်းများမှာ တစ်ခင်းလျှင် အလျား ပေ ၂၅၀၊ အန် ပေ ၆၀ ကျယ်ဝန်းသည်။ ကြက်ဟင်းခါးသီးများကိုလည်း ငါးရက်ခြားတစ်ကြိမ်ခူးပြီး တစ်ကြိမ်ခူးလျှင် စိုက်ခင်းတစ်ခင်းတွင် ကြက်ဟင်းခါးသီး အလုံး ၅၀၀ခန့်ခူး၍ ရရှိကြောင်း သိရသည်။

စားသုံးမှုဖူလုံ

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ဖိုးသာအေးကျေးရွာအပြင်ဘက် ဟင်းသီးဟင်းရွက် စိုက်ခင်းများကို ကြည့်ရင်း လေဒဏ်၊ ရေဒဏ် ခံခဲ့ရသော်လည်း ရိုးသားကြိုးစားမှုဖြင့် ပြန်လည်သန်စွမ်း ထူထောင်နိုင်ကြသော ဧရာဝတီသားတို့၏အားမာန်ကို လေးစားမှုဖြစ်ရသည်။ ဖိုးသာအေးကျေးရွာအုပ်စုမှ နေ့စဉ်ထွက်ရှိသော ပုံလုံ၊ မုန်လာရွက်၊ မုန်လာဥ၊ ခဝဲ၊ ကြက်ဟင်းခါး စသည့် ဟင်းသီးဟင်းရွက်များကို မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့နယ်များသို့ နေ့စဉ် စက်လှေကြီးများ၊ စက်တပ်လှေများဖြင့် တင်ပို့နေသည်ဖြစ်ရာ ဒေသတွင်း ဟင်းသီးဟင်းရွက်စားသုံးမှုကို ဖူလုံစေလျက်ရှိသည်ကို မျက်ဝါးထင်ထင် မြင်တွေ့မှတ်တမ်းတင်ခဲ့ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မော်လမြိုင်ကျွန်းမြို့နယ် ဖိုးသာအေးကျေးရွာအပြင်ဘက်မှ မုန်လာစိုက်ခင်းနှင့် ကြက်ဟင်းခါး ခြံများကို ဤသို့ စီးပွားဖြစ်စိုက်ပျိုးထားမှုကလည်း အားရဖွယ်။ (မြန်မာ့အလင်း)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကျိုင်းတုံမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၉ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး လွယ်လုံ ကြက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ကျိုင်းတုံမြို့ မိုင်းဇင်း ကျေးရွာအုပ်စု၌ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုးရာသီစပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ပျိုးပင်များကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် သစ်ပင်များကို စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံ ကြည့်ရှုအားပေးသည်။

ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ကျိုင်းတုံ-တာချီလိတ်လမ်း ပန်ကွဲတောင် ' ၀ ' ဥစိုက်ခင်းကိုလည်းကောင်း၊ ဂူလုံလက်ဖက်စိုက်ခင်းကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် နွေစပါး၊ မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ တိုင်းမှူးက ပြည်နယ်အတွင်း နွေစပါး၊ မိုးစပါးနှင့် စီမံကိန်းဝင်သီးနှံများ အောင်မြင်အောင် တိုးချဲ့စိုက်ပျိုး အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ချီးမြှင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ခရိုင်နှင့် မြို့နယ်အလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံတောင်သူများနှင့် လက်တွဲ၍ စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၀၉ရက်
(သောကြာနေ့)
နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၇း၅၀ ၆။ **ပဲခူးတိုင်းရဲ့ အလှပန်းချီ ဆွာချောင်းတံတားနဲ့ သက်သေတည်**
- ၈း၀၀ ၇။ အကပြိုင်ပွဲ
- ၈း၁၀ ၈။ ကြေးမုံရိပ်သွင်တေးနယည်
- ၈း၂၅ ၉။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ **ကျွမ်းတိုင်း မကြမ်းနဲ့**
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၃၀ ၄။ မြန်မာစာ၊ မြန်မာစကား
- ၄း၄၀ ၅။ ဝန်းကျင်တစ်ခွင် ကောင်းကျိုးပေး တီစွန့်ပစ်မြေဆွေး(အပိုင်း-၁)
- ၄း၅၀ ၆။ တေးဂီတအစီအစဉ်
- ၅း၀၀ ၇။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာများ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြု) (ရူပဗေဒ)
- ၅း၁၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၂၀ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၅း၃၀ ၁၀။ **တားဆီးကာကွယ် လူတုပ်ကွေးအန္တရာယ်**
- ၅း၃၅ ၁၁။ ယဉ်တစ်ကိုယ်မယ် **အညာသားအချစ်ကပိုပါတယ်** ဆန်းထူး၊ ဆုပြည့်မှူးအိမ်၊ ဓာတ်လင်း၊ ရွှေအိုး (ဒါရိုက်တာ-ခေတ်ဘုန်းမို)
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၀၅ ၁၅။ နှောင်းခေတ်တေးပဒေသာ
- ၇း၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံးတစ်ယောက်တည်း** (အပိုင်း-၈)
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ (လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၄၅)
- ၂၁။ သီချင်းချစ်သူ
- ၂၂။ အစီအစဉ်ပြီး၏။

နှစ်ပေါင်းနှစ်ဆယ် ဖွံ့ဖြိုးရေးရေစီး ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာဟောပြောပွဲ ဩဂုတ် ၂၀၀၉ကို Pac Link Co.,Ltd.၏ ကူညီပံ့ပိုးမှုဖြင့် ဩဂုတ်၁ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော် မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ နှစ်ပေါင်းနှစ်ဆယ် ဖွံ့ဖြိုးရေးရေစီး (20 Years Development Trend) ခေါင်းစဉ်ဖြင့် စာရေးဆရာ ဦးကျော်ဝင်းက ဟောပြောမည်ဖြစ်သည်။

တက်ရောက်နိုင်

အဆိုပါဟောပြောပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကတ္တရာလမ်းပြုပြင်

ဗန်းမော် ဇူလိုင် ၃၀

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် လမ်းပေါက်များ၊ ချိုင့်ခွက်များ မရှိစေရန် ဗိုလ်ချုပ်လမ်းတစ်လျှောက် အဖွဲ့ဝန်ထမ်းများဖြင့် ဇူလိုင် ၇ ရက်က ကတ္တရာလမ်းပေါက် ဖာထေးပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ဇော်ဦးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

စနေဂြိုဟ်၏ နေ့အချိန်မှာ ၁၀နာရီကျော်ခန့်သာရှိနေ

ဘာသာပြန်မှတ်စု-မိုးမြင့်လင်းလက် ➢ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

စနေဂြိုဟ်ကို လေ့လာနေသော အာကာသယာဉ်ငယ်မှ ပေးပို့သော သတင်းအချက်အလက်အရ စနေဂြိုဟ်၏ နေ့အချိန်သည် ၁၀နာရီ ၃၄မိနစ် ၁၃ စက္ကန့်သာရှိကြောင်း နက္ခတ္တအာကာသ သိပ္ပံပညာရှင်များက ပြောကြားလိုက်သည်။



ဖုံးလွှမ်း

စနေဂြိုဟ်၏ မျက်နှာပြင်အစိတ်အပိုင်းအများအပြားတွင် ဓာတ်ငွေ့များဖြင့် ဖုံးလွှမ်းလျက်ရှိပြီး အမှောင်ထုနက်ရှိုင်းစွာတည်ရှိနေသည်ဟုဆို၏။ ထို့အတူ စနေဂြိုဟ်၏မျက်နှာပြင်တွင် မြေဆီလွှာကဲ့သို့သော အနေအထားများတွေ့ရှိရခြင်းမရှိသဖြင့် အပင်နှင့်သက်ရှိများ နေထိုင်နိုင်ဖွယ်မရှိဟု ၎င်းတို့က ပြောကြားသည်။

ဖြတ်သန်း

စနေဂြိုဟ်ကို အနီးကပ် လေ့လာနေသော အာကာသယာဉ်မှပေးပို့သော မှတ်တမ်းဓာတ်ပုံများအရ စနေဂြိုဟ်မျက်နှာပြင်ပေါ်မှနေ၍ အရွယ်ပမာဏကြီးသည့် တိမ်တိုက်ကြီးများ မကြာခဏဖြတ်သန်းရွေ့လျားနေသည်ကိုလည်း တွေ့ရှိရသည်ကို ဖော်ပြနေသည်။

တိုက်ခတ်

ထို့အပြင် စနေဂြိုဟ်၏ မျက်နှာပြင်တွင် တစ်နာရီလျှင် မိုင်၁၆၀၀နှုန်း ပြင်းထန်သောလေများ တိုက်ခတ်နေသည်ဖြစ်ရာ အခြားဂြိုဟ်များနှင့် အနေအထားချင်း မတူညီကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ကြာသပတေးဂြိုဟ်နှင့်အခြားဂြိုဟ်အချို့ထက်နှိုင်းယှဉ်လျှင် စနေဂြိုဟ်၏ နေ့အချိန်သည် ငါးမိနစ်ခန့် တိုတောင်းနေကြောင်း၊ ယင်းမှာ ဓာတ်ငွေ့များဖုံးလွှမ်းနေမှု၊တိမ်တိုက်ကြီးများ အမြဲမပြတ် ဖြတ်သန်းနေမှုနှင့် အမှောင်နက်ရှိုင်းသည့် အစိတ်အပိုင်းများ တည်ရှိနေမှုတို့ကြောင့် ဖြစ်နိုင်ကြောင်း နက္ခတ္တအာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။ ။

(အင်တာနက်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားလျှင် ဘယ်လောက်အထိ အန္တရာယ်ကြီးမားနိုင်ပါသလဲ။

ဖြေ။ ။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် လူမှလူသို့ ကူးစက်မှုမြန်ခြင်း၊ လူသားများတွင် ခံနိုင်ရည်စွမ်းအား မရှိသေးခြင်းတို့ကြောင့် အသက်အရွယ်မရွေး ရောဂါဖြစ်နိုင်ခြင်း၊ ဆေးရုံတက်ရောက်ကုသမှု များပြားလာနိုင်ခြင်း၊ ရောဂါပြင်းထန်သဖြင့် အသက်ဆုံးရှုံးမှုလည်း များပြားလာနိုင်ခြင်း၊ ထို့အပြင် နိုင်ငံ၏အခြေခံဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားလာရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ထိခိုက်ရပ်ဆိုင်းနိုင်ပြီး စီးပွားရေး ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လူ၊ ဆေးဝါး၊ ဆေးပစ္စည်းများနှင့် ပတ်သက်၍ လိုအပ်ချက်များ ပိုမိုများပြားလာခြင်းတို့ကို ရင်ဆိုင်ဖြေရှင်းရပါမည်။

မေး။ ။ ယခင်က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားခဲ့ဖူးပါသလား။

ဖြေ။ ။ ၁၉၁၈ ခုနှစ်တွင် ပထမအကြိမ် ဖြစ်ပွားခဲ့ပြီး တစ်ကမ္ဘာလုံးတွင် လူသန်းပေါင်း ၄၀ခန့်၊ ၁၉၅၇-၅၈ ခုနှစ် ဒုတိယအကြိမ်တွင် လူဦးရေနှစ်သန်းမှ လေးသန်းခန့်၊ ၁၉၆၈ ခုနှစ် တတိယအကြိမ်တွင် လူဦးရေနှစ်သန်းခန့် အသက်ဆုံးရှုံးခဲ့သည်ဟု ခန့်မှန်းခဲ့ပါသည်။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ဒီရေလှိုင်းကဲ့သို့ တစ်ကြိမ်သာမက နှစ်ကြိမ်သုံးကြိမ် ဖြစ်တတ်လေ့ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ သင်ခန်းစာများနှင့် ဆားစ် (SARS) ရောဂါ မဖြစ်ပွားအောင် ကာကွယ်နိုင်ခဲ့သော အတွေ့အကြုံများကို အခြေခံကာ နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၀၄ခုနှစ်ကပင် စတင်၍ ကမ္ဘာ့ လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဘင်္ဂလားဒေ့ရှ် ကျွမ်းကျင်သူကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား စတုတ္ထအကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ်ပင်လယ်နယ်နိမိတ် သတ်မှတ်ရေး ကျွမ်းကျင်သူအဆင့် ဆွေးနွေးပွဲတက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ် ကျွမ်းကျင်သူ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် Commodore(Retd) Khurshed Alam နှင့် အဖွဲ့သည် ယနေ့ညနေ ၅ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဖေသန်းဦး၊ မြန်မာနိုင်ငံ အမျိုးသားရေကြောင်းတိုင်းတာရေး ဗဟိုဌာနညွှန်ကြားရေးမှူး (Director, Myanmar National Hydrographic Center) ဗိုလ်မှူးချုပ်မျိုးမြင့်သန်း(ရေ)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်တို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံး သံရုံးယာယီတာဝန်ခံ Mr. Md Golam Mostafa နှင့် Mr.Muhammad Ali Sorcar တို့ တက်ရောက်ကြသည်။

Commodore(Retd) Khurshed Alam ခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၉ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြသည်။ **(သတင်းစဉ်)**

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၃၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၄ နာရီတွင် ဆက်လက်ကျင်းပရာ နေပြည်တော်အားကစားကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (ဓ)အုပ်စုမှ သစ်တောရေးရာဝန်ကြီးဌာနအသင်းက အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

(ဃ)အုပ်စု

နေပြည်တော် ပျဉ်းမနား (ပေါင်းလောင်း) အားကစားကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (ဃ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနအသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

နေပြည်တော် လယ်ဝေးအားကစားကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (ဃ)အုပ်စုမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယှဉ်ပြိုင်ကစား

ဇူလိုင်၃၁ရက် ညနေ၄နာရီတွင် နေပြည်တော်အားကစားကွင်း၌ (ဆ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်း၊ နေပြည်တော် ပျဉ်းမနား (ပေါင်းလောင်း) အားကစားကွင်း၌ (ဆ)အုပ်စုမှ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေးအားကစားကွင်း၌ (ဓ)အုပ်စုမှ စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနအသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



Capital Book City စာအုပ်ဆိုင် ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၃၀

အမှတ် ၁၄-E မင်းနန္ဒာလမ်း ဒေါပုံမြို့နယ် ရန်ကုန်မြို့ရှိ Capital Hyper-market ၏ ဒုတိယထပ် အခန်းအမှတ်(၂၀၃)၌ Capital Book City အမည်ရှိ စာအုပ်ဆိုင်သစ်ကို ဩဂုတ် ၁ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

စုစည်းထား

ထိုစာအုပ်ဆိုင်တွင် စာအုပ်တိုက်ပေါင်း ၃၀ကျော်မှ စီမံအုပ်ချုပ်ရေး၊ ဈေးကွက် စီးပွားရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သိပ္ပံ၊ ကွန်ပျူတာ၊ ဘာသာစကား၊ ဆေးပညာဆိုင်ရာ စာအုပ်မျိုးစုံ၊ အဘိဓာန်မျိုးစုံ၊ ချက်နည်းပြုတ်နည်း၊ ဗေဒင်ပညာရပ်၊ လမ်းညွှန်စာအုပ်၊ အားကစား၊ ဝတ္ထု၊ ကဗျာ၊ ကလေးများအတွက် ပုံပြင်၊ ကာတွန်းနှင့် ရုပ်ပြစာအုပ်များ၊ အခြားဗဟုသုတဆိုင်ရာ စာအုပ်အမျိုးပေါင်းများစွာကို စုစည်းထားပြီး အင်္ဂလိပ်၊ မြန်မာမဂ္ဂဇင်းမျိုးစုံ၊ ဂျာနယ်မျိုးစုံနှင့် စာအုပ်များကို ရရှိနိုင်ကြောင်း သိရသည်။

အထူးလျှော့ဈေးနှုန်း

Capital Book City ဖွင့်ပွဲကို ဩဂုတ် ၇ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် Capital Book Fair စာအုပ်ပြပွဲကို ယင်းနေ့မှ ဩဂုတ် ၁၆ရက် အထိ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းစာအုပ်ပြပွဲ၌လည်း စာအုပ်များကို အထူးလျှော့ ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကရင်ပြည်နယ် ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲ ဘားအံမြို့နယ် မြိုင်ကလေးရွာကြီး စံပြကျေးရွာ၌ ကျင်းပ

ဘားအံ ဇူလိုင် ၃၀ (ဖက်စ်)

ကရင်ပြည်နယ်၏ ၂၀၀၉-၂၀၁၀ ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် စုပေါင်းမြေသြဇာကြဲပက်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက်၈နာရီခွဲက ဘားအံမြို့နယ် မြိုင်ကလေးရွာကြီး စံပြကျေးရွာ၌ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက်ချီးမြှင့်သည်။

အမှာစကား

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအေးကြူက စိုက်ပျိုးရေးဆိုင်ရာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စိုက်ထည့်

ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ **(အပေါ်ပုံ)**နှင့် အဖွဲ့က ကရင်ပြည်နယ်၏ ၂၀၀၉-၂၀၁၀ ရေတော် မိုးတော် မိုးစပါးထွန်တုံးပိတ် ကောက်စိုက် ပျိုးပွဲတွင် ဆုရရှိကြသည့် ကောက်စိုက်အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်နှစ်သောင်းကို စပါးစိုက်ခင်းများအတွင်း စိုက်ထည့်ပေးကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဥနဲ့ ငါးကို
ပွားစေလို
ငါးရစ်ဆို
မဖမ်းနဲ့

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၂) အမှတ်(၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၂) အမှတ်(၈)ကို ဇူလိုင် ၂၈ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သည့် ခရီးသွားဂျာနယ်တွင် ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ဟာသ၊ သုတ၊ လူငယ်ကဏ္ဍ၊ ကဗျာစသည်ဖြင့် ဖတ်စရာ မှတ်စရာ စုံလင်စွာပါရှိသည်။

ဆက်သွယ်နိုင်

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများ၌ ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများ အတွက် ဆက်သွယ်လိုပါက အမှတ် ၄၇၄ သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်သည်။

ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရန် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) စီမံမှုအောက်ရှိ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများအား အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက်ရည်ရွယ်၍ ရန်ကုန်ခရီးသွား ဂျာနယ်ကို ထုတ်ဝေခြင်းဖြစ်ကြောင်း သိရှိရသည်။ ***(သတင်းစဉ်)***

အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ပဲခူးတွင်ကျင်းပ

ပဲခူး ဇူလိုင် ၃၀

အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ပဲခူးမြို့နယ် အခွန်ဦးစီးဌာန ရုံးခန်းမတွင် ဇူလိုင် ၂၈ရက်က ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း အခွန်ဦးစီးဌာနမှူး ဦးထွန်းထွန်းအောင်နှင့် ပဲခူးခရိုင်အခွန်ဦးစီးဌာနမှူး ဦးဆန်းဦးတို့က အခွန်ဆိုင်ရာပညာပေးဆွေးနွေး ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ပဲခူးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး တွဲဖက်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးမျိုးဆွေက စားသောက်ဆိုင်လုပ်ငန်းနှင့် သက်ဆိုင်သော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းရှင်များမှ အခွန်ရုံးသို့ တင်သွင်းရမည့် ပုံစံများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် လုပ်ငန်းရှင်များက မေးမြန်းသည်ကို ပြန်လည်ဖြေကြား ရှင်းလင်းသည်။

ဖြန့်ဝေ

ဆွေးနွေးပွဲသို့ ပဲခူးမြို့နယ်မှ လုပ်ငန်းရှင် ၈၀ကျော်တက်ရောက်ခဲ့ပြီး အခွန်ဆိုင်ရာ သိကောင်းစရာ အချက်အလက်များ၊ ရှင်းလင်းချက်စာအုပ်များ၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် သက်ဆိုင်သည့်ပုံစံများအား လုပ်ငန်းရှင်များထံသို့ ဖြန့်ဝေပေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)

စက်မှု(၂)ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား XJ Group Corporation ဥက္ကဋ္ဌနှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား XJ Group Corporation ဥက္ကဋ္ဌ Mr. Wang Jinian ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီးက သာဂရ စက်မှုနယ်မြေ၌ XJ Group Corporation နှင့် ပူးပေါင်း၍ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်းနှင့်ပတ်သက်၍ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် အချိန်မီ ပြီးစီးရေး၊ ကုန်ထုတ်လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးနှင့် နှစ်ဖက် အဖွဲ့အစည်းများ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြရေး တို့ကို ဆွေးနွေးသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင်၁၅ရက်က တောင်တွင်းကြီးမြို့နယ်ရှိ ရပ်ကွက်များအတွင်း၌ အဖွဲ့ပိုင် ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းက ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကွတ်ခိုင်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

မူဆယ် ဇူလိုင် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးသန်းထွဋ် ဦးဆောင်သောအဖွဲ့သည် ဇူလိုင် ၂၃ရက်နှင့် ၂၄ရက်တို့တွင် ကွတ်ခိုင်မြို့နယ်သို့ ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ကြည့်ရှုစစ်ဆေး

ဇူလိုင် ၂၃ရက်တွင် ခရိုင်အတွင်းရေးမှူးနှင့်အဖွဲ့သည် ကွတ်ခိုင်မြို့နယ် အတွင်းရေးမှူး ဦးအောင်ခိုင်စိုး ဦးဆောင်သည့် မြို့နယ်စိုက်-တိုး-မွေ့အဖွဲ့နှင့်အတူ ခိုမုန်းကျေးရွာနှင့် နမ့်ဖတ်ကာကျေးရွာများသို့ စပါးစိုက်ပျိုးနေမှု အခြေအနေများနှင့် ကျေးရွာစာကြည့်တိုက်အားလည်းကောင်း၊ (၃၈)မိုင် မန်ပြိန်းကျေးရွာတွင် ပေါင်းစည်းလယ်ယာဆောင်ရွက်ထားရှိမှုနှင့် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုရွေးချယ်ခြင်း၊ လွိုင်ဆမ်ဆစ် တောင်ခြေရှိ အထွက်ကောင်း တာပဲကူစံပြယာစပါး ၁၀ဧက စိုက်ပျိုးထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဇူလိုင် ၂၄ရက်တွင် ခရိုင်အတွင်းရေးမှူးနှင့်အဖွဲ့သည် တာမိုးညဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသီဟဇော် ဦးဆောင်သည့် မြို့နယ်အဖွဲ့နှင့်အတူ တာမိုးညဲ-မုံးစီးလမ်း တစ်လျှောက်ရှိ မိုးစပါးခင်းများနှင့်မုံးစီး ဒေသရှိ မိုးစပါးစိုက်ပျိုးနေမှုကိုလည်းကောင်း၊ မုံးစီးကျေးရွာစာကြည့်တိုက်နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို လည်းကောင်း၊ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၏ ဆောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုတွင် ခရိုင်အတွင်းရေးမှူး ဦးသန်းထွဋ်က မိုးစပါးများကို လျာထားဧကအပြည့်အဝစိုက်ပျိုးရေး၊ အထွက်တိုးစပါးမျိုးများ စိုက်ပျိုးရေး၊ ကောက်ကွက်ပြည့်မီသည့် စိုက်စနစ်များ အသုံးပြုရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကိုလည်းကောင်း၊ အဖွဲ့ဝင်များဖြစ်သော ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးဦးတင်လှိုင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအားလည်းကောင်း၊ ခရိုင်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာခင်အောင်က A(H1N1) ကမ္ဘာ့လူတုပ်ကွေးရောဂါ အကြောင်းကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းက ကျေးရွာစာကြည့်တိုက်များ စံ (၅)ရပ်နှင့်ကိုက်ညီရေးအတွက် အခကြေးငွေဖြင့် စာငှားသည့်စနစ်များ ဖွံ့ဖြိုးလာရေးနှင့် ကျေးရွာစာကြည့်တိုက်လေးတိုက်နှင့် မုံးစီးအထကတို့အား မဂ္ဂဇင်းနှင့် ဂျာနယ်များ ပေးအပ်လှူဒါန်းခြင်း၊ ဇူလိုင် ၂၃ ရက်ညက တာမိုးညဲမြို့ ရုံးများနှင့် ၂၄ရက်ညတွင် ကွတ်ခိုင်မြို့နယ်ရုံးတို့ကို စစ်ဆေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပတ်ဝန်းကျင် သန့်ရှင်းရေး လပွတ္တာ၌ ဆောင်ရွက်

လပွတ္တာ ဇူလိုင် ၃၀

လပွတ္တာခရိုင် လပွတ္တာမြို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသော အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် အလုပ်ရုံဆွေးနွေးပွဲ သင်တန်းကို ဇူလိုင် ၂၈ရက်မှ ၂၉ရက်အထိ လပွတ္တာမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ သင်တန်းသို့ ကျန်းမာရေးဦးစီးဌာနမှ အခြေခံ ကျန်းမာရေး ဝန်ထမ်းများနှင့် လုပ်ငန်းနှင့် နီးနွယ်ဆက်စပ်လျက်ရှိသော ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အင်အား အသင့်အတင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၃၀

ဇူလိုင် ၂၉ ရက် ည ၁၁ နာရီ ၂၃မိနစ် ၀၄ စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် မိုင်၁၆၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (တရုတ်-တိုင်ပေ)ကိုဗဟိုပြု၍အင်အားရစ်ချ်တာစကေး ၅ဒသမ ၅ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင် တစ်ခုလှုပ်သွားသည်ဟု တိုင်းတာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)



မြန်မာနိုင်ငံနယ်စပ်ရှိ အချို့သောဒေသများနှင့် ပြည်တွင်းရှိ အချို့သော ဒေသဈေးကွက်များသို့ နယ်စပ်ဒေသများမှ တစ်ဆင့်ဝင်ရောက်လာသော ကျန်းမာရေးထိခိုက်နိုင်၍ စားသုံးရန်မသင့်သော ဓာတုဗေဒနည်းဖြင့် ပြုလုပ်ထားသည့် ကြက်ဥအတုကို ဗမာကြက်ဥ (ဒေသန္တရ ကြက်ဥ)၊ မွေးမြူရေးကြက်ဥတို့နှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ကြက်ဥအတု၏ အကာပိုင်းပြုလုပ်ရာတွင် ဘင်ဇိုရစ်အက်စစ်၊ ဂျယ်လီ၊ အမည်မသိဓာတုဆေးမှုန့်၊ ကော်ရည်ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုသည့် ဓာတုပစ္စည်းများနှင့် မုန့်ဖုတ်ရာတွင်အသုံးပြုသော ဓာတုပေါင်ဒါများဖြင့် ရောစပ်ပြုလုပ်သည်ဟု သိရသည်။

ထို့အတူ ကြက်ဥအတု၏ အနှစ်ပိုင်း ပြုလုပ်ရာတွင် အမည်မသိ အဝါရောင်ပေါင်ဒါမှုန့်အား အရည်တစ်မျိုးဖြင့် သမအောင်မွှေကာ ကယ်လ်ဆီယမ်ကလိုရိုက်ဒ် ထည့်သွင်းဖျော်စပ်ထားသည့် Magic Water ခေါ် အရည်တစ်မျိုးဖြင့် ရောစပ်ပြုလုပ်သည်ဟု သိရသည်။

ပိုင်းခြားပေးထား

ထို့နောက် ကြက်ဥအတု၏ အကာနှင့် အနှစ်ကို အဝိုင်းပုံသဏ္ဌာန်ရှိသည့် ပလတ်စတစ်ပုံသွင်းခွက်ထဲသို့ လောင်းထည့်ကာ ပုံသွင်းရကြောင်းနှင့် ကြက်ဥအကာနှင့် အနှစ်တို့အကြား ရောနှောသွားခြင်းမရှိစေရန် Magic Water က ပါးလွှာသော အမြှေးပါးအသွင်ဖြင့် ပိုင်းခြားပေးထားကြောင်းသိရသည်။

ကြက်ဥအခွံကိုမူ ပါရာဖင်းဓာတ်ပါဝင်သော ဖယောင်းနှင့် အမည်မသိ အဖြူရောင်ဓာတုဆေးရည်တစ်မျိုးတို့ ရောစပ်ပြုလုပ်ပြီး ၎င်းအရည်ကို အဝိုင်းပုံသဏ္ဌာန်ပြုလုပ်ထားသော ပလတ်စတစ်ပုံစံခွက်အတွင်း ထည့်ထားသည့် အနှစ်အတုနှင့် အကာအတုများပေါ်သို့လောင်းချ၍ အချိန်အနည်းငယ်ကြာအောင် အခြောက်ခံထားပါက ကြက်ဥအစစ်နှင့် ထပ်တူထပ်မျှ အသွင်သဏ္ဌာန်တူသော ဓာတုဗေဒနည်းဖြင့် ပြုလုပ်ထားသည့် ကြက်ဥအတုကို ရရှိသည်ဟု သိရသည်။

သတိပြုဝယ်ယူစားသုံး

အဆိုပါ ကြက်ဥအတုတွင် လူကို အာဟာရဖြစ်စေမည့် ပရိုတိန်း စသည့် ဓာတ်ပစ္စည်းများပါဝင်ခြင်းမရှိသည့်အပြင် ပါဝင်သော ဓာတုပစ္စည်းများကြောင့် ၎င်းအားစားသုံးပါက ကျန်းမာရေးထိခိုက်နိုင်သည်ဟု ဆေးပညာရှင်များက သတိပေးထားသည်။ ၎င်းကြက်ဥအတုများမှာ နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းနှင့် နယ်စပ်ဒေသရှိ ဒေသဈေးကွက်အချို့သို့ ဝင်ရောက်နေသဖြင့် ပြည်သူများအနေဖြင့် သတိပြု ဝယ်ယူစားသုံးကြရန်လိုကြောင်း သိရသည်။

ဝယ်ယူစားသုံးသူများအနေဖြင့် ကြက်ဥအတုနှင့် အစစ်ကို ခွဲခြားရန်မှာ ကြက်ဥအတုကိုကိုင်၍ ခပ်ပြင်းပြင်း လှုပ်ကြည့်ပါက အဆန်ချောင်နေသည်ကို တွေ့ရပြီး ကြက်ဥအစစ်ကိုကိုင်၍ ခပ်ပြင်းပြင်း လှုပ်ကြည့်ပါကမူ အဆန်ချောင်ခြင်းမရှိသည်ကို တွေ့ရသည်။ ကြက်ဥအတုနှင့် အစစ်ကိုယှဉ်၍ မှန်၊ ဇလုံ၊ ပန်းကန်တစ်ခုခုပေါ်တွင်တင်၍ လှည့်ကြည့်ပါက အတုက ဂျင်လည်သကဲ့သို့ မှတ်နေအောင် လည်ပတ်နှုန်းမြန်ပြီး လည်ပတ်ချိန်ပိုကြာကြောင်း တွေ့ရှိရသည်။

အရောင်ပိုရင့်

ထို့ပြင် ကြက်ဥအတုနှင့်အစစ်ကို ယှဉ်ကြည့်ပါက အတု၏အရောင်ကပိုရင့်ကြောင်း၊ အတု၏အခွံသည် ဖယောင်းနှင့် ပြုလုပ်ထားခြင်း ဖြစ်သည့်အတွက် ပိုမိုအလင်းပြန်ကြောင်း၊ ကြက်ဥများကို ပွတ်ကြည့်လျှင် အတု၏အခွံမျက်နှာပြင်က ပို၍ကြမ်းကြောင်း၊ ကြက်ဥကိုခွဲ၍ ကြည့်မည်ဆိုပါက အတု၏အနှစ်နှင့်အကာသည် သီးသန့်မနေဘဲ ရော၍သွားကြောင်း၊ အတု၏အခွံ၌ အမြှေးမပါဘဲ အစစ်၌သာ အမြှေးပါကြောင်း၊ ပြုတ်လိုက်ပါကလည်း အတုသည် အစစ်ကဲ့သို့ အနှစ်နှင့်အကာ သီးခြားမနေဘဲ ရော၍သွားကြောင်း တွေ့ရှိရသည်။

၎င်းအပြင် သက်ဆိုင်ရာတာဝန်ရှိသည့် ဌာနများအနေဖြင့် ကြက်ဥအတုကို ထပ်မံဓာတ်ခွဲစစ်ဆေးလျက်ရှိကြောင်းနှင့် တွေ့ရှိမှုများကို ဆက်လက်ထုတ်ပြန် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စားသုံးသူများအနေဖြင့် အထက်ပါ နည်းလမ်းများဖြင့် သတိပြုခွဲခြားစိစစ် ဝယ်ယူစားသုံးကြရန်၊ ရောင်းချသူများအနေဖြင့်လည်း ကြက်ဥအတုများ ရောင်းချခြင်း မပြုရန်၊ စားသောက်ဆိုင်များအနေဖြင့်လည်း ကြက်ဥအတုများအသုံးပြု၍ ကြော်လှော် ချက်ပြုတ် ရောင်းချခြင်းမပြုကြရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။

၎င်းကြက်ဥအတုများအား သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များက စိစစ်သိမ်းဆည်းသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် ဓာတုဗေဒနည်းဖြင့် ပြုလုပ်ထားသည့် ကြက်ဥအတုများကို တွေ့ရှိပါက သက်ဆိုင်ရာသို့ သတင်းပို့ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လပွတ္တာမြို့နယ်၌ ကြွက်မြီးများ မီးရှို့ဖျက်ဆီး

လပွတ္တာ ဇူလိုင် ၃၀

လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကုက္ကိုကျေးရွာအုပ်စု ကညင်ကွင်းကျေးရွာတွင် မိုးစပါးစိုက်ပျိုးရေးအမီ ကြွက်မြီး မီးရှို့ဖျက်ဆီးမှုကို ဆောင်ရွက်ကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်ကြည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ ခရိုင်စိုက်ပျိုးရေး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ကြွက်မြီးမီးရှို့ဖျက်ဆီးပွဲနှင့် ကြွက်မြီးနှိမ်နင်းရေးပွဲတွင် ပထမဆုရ ဗိုင်းဒေါင့်ချောင်းကျေးရွာအုပ်စု၊ ဒုတိယဆုရရှိသော ဘီတွတ်ကျေးရွာအုပ်စု၊ တတိယဆုရရှိသော မောင်ငယ်ကျေးရွာအုပ်စုတို့ကို ခရိုင်ဥက္ကဋ္ဌ ဦးအေးမောင်ကြည်က ဆုများချီးမြှင့်ပေးသည်။ ကျေးရွာအုပ်စုပေါင်း ၄၃အုပ်စုတွင် ကြွက်ကောင်ရေ ၃၀၅၇၅၃ကောင်ကို ဖျက်ဆီးခဲ့ပြီး ကြွက်မြီးပေါင်း ၇၇၈၈၀ကို မီးရှို့ဖျက်ဆီးခဲ့ရာ ယခု ကျေးရွာအုပ်စု ခြောက်အုပ်စုတွင်းမှ ကြွက်မြီးပေါင်း ၆၆၂၂၈ကောင်အား စုပေါင်းမီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ဆရာဝန်မှတ်ပုံတင်(ဆမ)ထုတ်ပေးရေးမွမ်းမံသင်တန်းနှင့် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မှတ်ပုံတင်(သခ) ထုတ်ပေးရေး မွမ်းမံသင်တန်းများအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာ ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များတွင် ဆရာဝန်မှတ်ပုံတင်(ဆမ)နှင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင် (သခ) ထုတ်ပေးရေးမွမ်းမံသင်တန်းများကို ၂၀၀၉ခုနှစ် ဩဂုတ်လ၌ ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါပုဂ္ဂိုလ်များ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ လျှောက်ထားနိုင်သူများ - ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလကုန်မတိုင်မီ အလုပ်သင်ဆရာဝန် သင်တန်းပြီးဆုံးခဲ့ပြီး၊ ဆရာဝန်မှတ်ပုံတင် (ဆမ)/ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်(သခ) မရရှိသေးသူများ။

မှတ်ချက်။ လက်ရှိနိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သူများ လျှောက်ထားရန်မလိုပါ။

၃။ လျှောက်လွှာပိတ်ရက် - ၇-၈-၂၀၀၉ရက်

၄။ လျှောက်ထားရမည့်နေရာ - မိမိတို့အောင်မြင်ခဲ့သည့်တက္ကသိုလ်

၅။ အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာန(ရုံးချုပ်) နေပြည်တော်နှင့် မိမိတို့အောင်မြင်ခဲ့သော တက္ကသိုလ်များတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

နှစ်(၄၀)ပြည့် မင်္ဂလာဆုတောင်း

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဖေဖေ ဦးအောင်ကြည်-မေမေ ဒေါ်ခင်ဖြူဗျင်တို့၏ ၃၁-၇-၂၀၀၉ရက်တွင် ကျရောက်သော နှစ်(၄၀) ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သား၊ ချစ်သမီး၊ ချစ်မြေးများနှင့်အတူ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများစွာဖြင့် ဘဝခရီးကို ဆက်လက်လျှောက်လှမ်းနိုင်ပါစေ-

ချစ်သားကြီး - ဦးနေအောင်ဗျင်
ချစ်သမီးလတ် - ဦးပြည်သိမ်း-ဒေါ်နှင်းဦးဗျင်
ချစ်သားငယ် - ဦးဝေအောင်ဗျင်
ချစ်မြေးများ - မခွန်းချိုသာဗျင်၊ မယွန်းပြည်သာဗျင် မောင်ထွန်းသံဗျင်ဝင်း။

အမည်ပြောင်း

အထက(၂) မင်္ဂလာဒုံ နဝမတန်း (ခ)မှ အဖ ဦးစိုးလွင်၏သား မောင်စိုးလွင်လွင်အား မောင်စိုးလင်းလွင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုးလင်းလွင်။

အမည်ပြောင်း

အဖ ဦးဂျက်မြသောင်း၏သား ပညာရေး တက္ကသိုလ်လေ့ကျင့်ရေး ကျောင်း Grade- 10-G မှ မောင်ကောင်းခန့်ပြည့်စုံအား ယနေ့မှစ၍ မောင်ကောင်းထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းထက်နိုင်။

အမည်ပြောင်း

အဖ ဦးညီညီအောင်၏ သမီး (TTC၊ ပြည်လမ်း၊ တတိယတန်း-A)မှ မအေးငြိမ်းငြိမ်းစံအား မအေးချမ်းသက်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မအေးချမ်းသက်ပိုင်။

လူပျောက်

မသန်းသန်းဝင်း အရပ်ရှည်၊ ဆံပင်တို၊ မျက်လုံးပြူးပြူး၊ အသားဖြူသူသည် နေအိမ်မှထွက်သွားပြီး ပျောက်ဆုံးနေသဖြင့် ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ လက်ခံထားသူအား တရားဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။

အစ်ကိုနှင့် အစ်မ
ဦးအောင်လွင်-ဒေါ်သန်းစိုး(ဘားအံ)၊ ဖုန်း- ၀၉-၅၀-၆၄၁၆၃။

ISO 9001:2000
ဦးသာရင် ၏ သွက်ချာပါဒ ဓလေ့ဆေးမှုန့်
Certificate

Section A : 8-08-2009
Section B : 11-08-2009

လူပျောက်ကြော်ငြာ

မောင်အောင်မြတ်ဇင် နဝမတန်း (D, TTC၊ ကမာရွတ်) အသက်၁၄ နှစ် မှတ်ပုံတင်အမှတ် ၁၂/မရက(နိုင်) ၁၅၃၆၂၈ အဖ ဦးမြင့်စိုးသည် ၂၈-၇-၂၀၀၉ရက် နံနက်ပိုင်းတွင် ရုတ်တရက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဦးမြင့်စိုး
အမှတ် ၂၇၈(F) ၊ မင်းကြီးလမ်း(ဗဟိုလမ်း)
အင်းစိန်၊ ရာမသာကန်းတိုက်၊
ဖုန်း-၀၁-၇၂၃၁၅၀၊ ၀၉-၅၁-၃၈၆၁၇၊
၀၉-၅၀-၈၂၁၈၊ ၀၉-၅၁-၂၆၃၂၆။

ခရိုင်ချင်းဆက်လမ်း အမှတ်(၂) မန္တလေးတိုင်း ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော နေပြည်တော် တပ်ကုန်းမြို့နယ်အပိုင်း မိုင်တိုင်အမှတ် (၁၄၈/၇)အနီးရှိ တံတားအား စက်ယန္တရားများဖြင့် မွမ်းမံပြင်ဆင်နေသည်ကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ကြည့်ရှုစစ်ဆေးရာ ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)



အောင်ဆင့်ဗိုလ်ဆင့်ကျောင်း
J.O
WED, THUS, FRI > 9:30-3:00
09 99 74161

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ SINPOONCHAI CO.,LTD.နှင့် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၂၁၆/၂၂၂-အေ)ရှိ ထွန်းစတားကုမ္ပဏီလီမိတက်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြော်ငြာအပ်ပါသည်။

အောက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို SINPOONCHAI CO.,LTD.မှ မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၉-၇-၂၀၀၉ရက်၌ မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

မှတ်ပုံတင်အမှတ်-၄၉၅၉/၂၀၀၉ **မှတ်ပုံတင်အမှတ်-၄၉၆၀/၂၀၀၉**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များဖြင့် စက်စွမ်းအားသုံး အင်ဂျင်အမျိုးမျိုးတို့၌ ထည့်သွင်းအသုံးပြုသည့် စက်ဆီ၊ ချောဆီများကို ထွန်းစတားကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တာဝန်ယူဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းထားသည့် SINPOONCHAI CO.,LTD.နှင့် ထွန်းစတားကုမ္ပဏီလီမိတက်တို့မှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်ကမှ အထက်အမည်ပါကုန်အမှတ်တံဆိပ်များ၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းမပြုကြရန်နှင့် တုပပြုလုပ်သုံးစွဲ၍ ဖြန့်ချိရောင်းချမှုများရှိခဲ့လျှင် ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ တုပပြုလုပ်သူတို့ကို တရားစွဲဆို၍ လျော်ကြေးများတောင်းခံသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဥမ္မာထွန်း(LL.B)
အထက်တန်းရှေ့နေ

ဦးဝင်းမြင့် (H.G.P.,LL.B)
တရားရုံးချုပ်ရှေ့နေ
အမှတ်၁၀/၁၂၊ အခန်း ၀၀၄(အေ)၊
၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။

ဟားခါး၌ ခြင်ဆေးဖျန်း

ဟားခါး ဇူလိုင် ၃၀

ဟားခါးမြို့ စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ သုံးဦး ဦးဘွဲဇာလျန်းနှင့် ဦးမန်တလိန်းတို့ ဇူလိုင်၂၉ရက်က အထက (၁)ဝန်းကျင်၊ မြို့မဈေးဝန်းကျင်နှင့် ပြည်သူ့ဆေးရုံများ၌ ခြင်ဆေးဖျန်းထားမှု အခြေအနေကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ကကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၅၄၊ ဝေဇယန္တာလမ်းမကြီးပေါ်ရှိ ဝေဇယန္တာတာဝါမှ အခန်းအမှတ် ၈၀၄ အား ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းဇော်ဦး ၁၂/ပဇတ(နိုင်) ၀၀၂၂၃၃ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါအခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ (သို့မဟုတ်)ကန့်ကွက်လိုသူ မည်သူမဆို ကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားဖြင့် အောက်ပါလိပ်စာအတိုင်း ကန့်ကွက်နိုင်ပါသည်။

ဦးလှထွန်း ၉/တကန(နိုင်)၀၆၇၄၈၃၊
အမှတ် ၂၄၊ ဗိုလ်ရွဲလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။

မူးယစ်ကင်းစင် အလှဆင်

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၅၆)၊ ကွက်သစ်ဖြတ်လမ်း ရေကျော်လမ်းမကြီး၊ (၅)ရပ်ကွက်နေ အဖဦးပေရိယာဆာမိ(ခ) ဦးမြဝင်း၏ သား၊ ကိုစိုးအောင်(ခ)ဆန်သာနင်(မ်)၁၂/ပဇတ(ဧည့်)၀၀၀၄၅၄ ကိုင်ဆောင်သူနှင့် အဖ ဦးMBရောင်း၊ အမိဒေါ်ဂန်နကီး၏ သမီး၊ လာနီ(ခ)မခင်ကြည် ၁၂/မဂတ(နိုင်)၀၇၂၄၉၃ ကိုင်ဆောင်သူ ကန်/တောင်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် နေထိုင်သူနှင့် ၁၃-၂-၂၀၀၇ ရက်တွင် ဟိန္ဒူဘာသာအရ လက်ထပ်ခဲ့၍ သားတစ်ယောက်ထွန်းကားခဲ့သည်။

သို့ပါ၍ မခင်ကြည်(ခ)လာနီသည် ကျွန်တော်နှင့် (ပေါင်းသင်းနေစဉ်အချိန်တွင်) ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ဆိုဆုံးမမှုကို လက်မခံခြင်းတို့ကြောင့် ပေါင်းသင်းခြင်းမရှိတော့ပါ။ မခင်ကြည်(ခ) လာနီနှင့် ပတ်သက်သော ကိစ္စအဝဝ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ကျွန်တော်မှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုစိုးအောင် ၁၂/ပဇတ(ဧည့်)၀၀၀၄၅၄။

တစ်ပတ်အတွင်း နိုင်ငံတကာသဘာဝဘေးအန္တရာယ် သတင်းများ

မြန်မာ့အလင်း

ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ဇူလိုင် ၂၂ - **ကိုလံဘီယာနိုင်ငံမြောက်ပိုင်း ရိုနီဂရိုး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ၈ဒသမ၈ ကီလိုမီတာအကွာ၊ မြေအောက် ၁၄၆ကီလိုမီတာအကွာကို ဗဟိုပြု၍ အင်အား ၄ဒသမ၉အဆင့်ရှိ ငလျင်လှုပ်သွားခဲ့သည်။ ယင်းငလျင်ကြောင့် နေအိမ်အဆောက်အအုံများ လှုပ်ခါသွားခဲ့ပြီး ဒေသခံများမှာ အိပ်ရာမှ လန့်နိုးခဲ့ရသည်။ ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့ကြောင်း သိရသည်။**

ဇူလိုင် ၂၃ - တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့သည်။ ယင်းမြေပြိုမှုကြောင့် လမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်မှ အလုပ်သမားလေးဦး သေဆုံးခဲ့ပြီး ၂၃ဦးမှာ ပျောက်ဆုံးလျက်ရှိသည်။ **(အောက်ပုံ)**

ဇူလိုင် ၂၄ - **အယ်လ်ဆာဗေဒိုးနိုင်ငံ ဆန်ဆာလ်ဗေဒိုမြို့အနီးဝန်းကျင်တွင် မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ရာ စာသင်ကျောင်းတစ်ကျောင်းအပါအဝင် နေအိမ်၂၆လုံး ပျက်စီးသွားခဲ့သည်။**
ပါပူဝါနယူးဂီနီနိုင်ငံ မြို့တော်ပို့ထ်မော်ရက်စဘီမြို့မှ အရှေ့မြောက်ဖက်စွန်းစွန်း ကီလိုမီတာ ၈၃၀ အကွာကို ဗဟိုပြု၍ အင်အား ၆ဒသမ ၇အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်သွားခဲ့သည်။

ဇူလိုင် ၂၅ - တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ကာ လေးဦးသေဆုံးပြီး ငါးဦးမှာပျောက်ဆုံးလျက်ရှိသည်။ ထို့ပြင် နေအိမ်၃၈၀ခန့်မှာလည်း ပျက်စီးခဲ့ပြီး လျှပ်စစ်ဓာတ်အားနှင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခဲ့သည်။

ဇူလိုင် ၂၆ - **စပိန်နိုင်ငံအတွင်း တောမီးလောင်ကျွမ်းလျက်ရှိရာ အရာဂွန်ဒေသမြောက်ပိုင်းတွင် မီးငြိမ်းသတ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မီးသတ်သမားငါးဦး သေဆုံးခဲ့သည်။ စပိန်နိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဟက်တာ၉၀၀၀ခန့် မီးလောင်ကျွမ်းခဲ့ပြီး ဒေသခံပြည်သူ၁၅၀၀ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။**

ဇူလိုင် ၂၇ - ဘိုလီးဗီးယားနိုင်ငံ အလယ်ပိုင်းနှင့်အနောက်ပိုင်း၌ နှင်းမုန်တိုင်း တိုက်ခတ်လျက်ရှိရာ ယာဉ်မတော်တဆမှု မဖြစ်ပွားစေရန်အတွက် မြို့တော်လာပက်ဇ်မြို့မှ အိုရူယိုမြို့နှင့် ကိုချာဘမ်ဘာမြို့များသို့ ဆက်သွယ်ထားသည့် အဝေးပြေးလမ်းများကို အာဏာပိုင်များက ပိတ်ထားလိုက်သည်။ နှင်းမုန်တိုင်းကြောင့် အဝေးပြေးလမ်းများတွင် မော်တော်ကားများစွာမှာ ပိတ်မိလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဇူလိုင် ၂၈ - ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာတွင် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းများနှင့်နေအိမ်များ ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် ကျောင်းများနှင့် ရုံးများကိုလည်း ပိတ်ထားခဲ့ရသည်။ ဒါကာမြို့၌ ၁၂နာရီကြာ ရွာသွန်းခဲ့သော မိုးရေချိန်မှာ ၃၃၃မီလီမီတာအထိ စံချိန်တင် ရွာသွန်းခဲ့ကြောင်း အမျိုးသားမိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။ ယခုအကြိမ် မိုးသည်းထန်စွာရွာသွန်းမှုမှာ လွန်ခဲ့သည့် ၅၃နှစ်တာကာလအတွင်း အသည်းထန်ဆုံးဖြစ်ခဲ့သည်။ (အပေါ်ပုံ)

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

နီယွန်မီးချောင်းကို တီထွင်ခဲ့သူ

ချစ်စိုးနိုင်ရေးသား၍ ဇင်မင်းသန့်စာမျက်နှာဖွဲ့စည်းသည်

လူသားတို့သည် နေ့အခါ နေ့အလင်းရောင်ဖြင့် သွားလာလှုပ်ရှားနေထိုင်ခဲ့ကြသကဲ့သို့ ညအချိန်တွင် နေကဲ့သို့ ကမ္ဘာလောကတစ်ခုလုံးသို့ မဖြန့်ကြက်နိုင်သော်လည်း လူများနေထိုင်ရာဒေသဝန်းကျင်တွင်ထွန်းလင်းကာ သွားလာလှုပ်ရှားနိုင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ ထိုသို့ ထွန်းလင်းနိုင်ရန် လျှပ်စစ်ဓာတ်အားကို မီးအလင်းဖြစ်ပေါ်စေခြင်း၌ ဖန်မီးလုံးထဲတွင် လျှပ်စစ်အဖိုနှင့်အမ ငုတ် ဒွန်တွဲကာ မီးအလင်းရောင်ကို ဖြစ်ပေါ်စေခဲ့သည်။ ထိုသို့ လင်းစေရာတွင် အစပထမ၌ ရိုးရိုးမီးလုံးများကိုသာ အသုံးပြုပြီး နောက်ပိုင်းတွင်မှသာ အလင်းအားကောင်းသော မီးချောင်းတို့မှတစ်ဆင့် အလင်းအားကောင်းစွာ လိုအပ်သည့်လမ်းမကြီးများ၊ သမိုင်းဝင် အဆောက်အအုံများ၊ ဆိုင်ကမ်းများ၌ ယနေ့တွင်ကျယ်စွာ အသုံးပြုလာသည့် နီယွန်မီးလုံးများ၊ မီးချောင်းကြီးများကို တီထွင်နိုင်ခဲ့သည်။

ဘွဲ့ရရှိ

နီယွန်မီးချောင်းကို မည်သူတီထွင်ခဲ့သနည်း။ နီယွန်မီးချောင်း၊ မီးလုံးများကို တွေ့ဖူး၊ မြင်ဖူး၊ ကြားဖူးသော်လည်း တီထွင်ခဲ့သူကို သိသူနည်းပါးပေလိမ့်မည်။ နီယွန်မီးကို တီထွင်ခဲ့သူမှာ ဂျော့ကလော်ဒီအမည်ရှိ ပြင်သစ်လူမျိုးတစ်ဦးဖြစ်သည်။ ဂျော့ကလော်ဒီကို ၁၈၇၀ပြည့်နှစ် စက်တင်ဘာ၄ရက်တွင် ပြင်သစ်နိုင်ငံ၌ မွေးဖွားခဲ့သည်။ သူသည် ၁၈၈၆ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။

ကြိုးစားခဲ့

ဂျော့သည် ၄င်း၏ပညာရေးကို ဓာတုဗေဒတွင်သာ မြှုပ်နှံခဲ့ကာ ဓာတ်ငွေ့များနှင့် စမ်းသပ်မှုများကို စတင်ခဲ့ပြီး ၄င်းဓာတ်ငွေ့များအား လက်တွေ့အသုံးပြုပုံများကို ရှာဖွေလေ့လာရန် ကြိုးစားခဲ့သည်။

တိုးတက်လာစေခဲ့

ဂျော့သည် ၄င်း၏ဝါသနာပါသော စမ်းသပ်မှုလုပ်ငန်းစဉ်အဖြစ် ပါရီမြို့မြူနီစီပယ် လျှပ်စစ်လုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ယင်းသို့ လုပ်ကိုင်စဉ် လျှပ်စစ်ဓာတ်အားမြင့်မားစွာ စီးဝင်နေသည့် ဝိုင်ယာကြိုးကို ကိုင်မိရာမှ အသက်အန္တရာယ် ထိခိုက်လောက်သည့် မတော်တဆမှု တွေ့ကြုံခဲ့ရသည်။ ယင်းသို့ တွေ့ကြုံခဲ့ရခြင်းကပင် ၄င်းအား လျှပ်စစ်လုံခြုံရေး ကြိုတင်ကာကွယ်မှုအစီအမံများ ပိုမိုကောင်းမွန်စွာ စီမံတတ်သည်အထိ တိုးတက်လာစေခဲ့သည်။

အထောက်အကူပြုခဲ့

ဂျော့သည် ၁၈၉၇ခုနှစ်တွင် အန္တရာယ်ကြီးမားကာ မီးလောင်လွယ်သော အက်ဆီတလင်းဓာတ်ငွေ့ကို သယ်ယူပို့ဆောင်ရန်နှင့် သိုလှောင်ရန် ဆန်းသစ်သောနည်းလမ်းများကို တီထွင်ကြံဆနိုင်ခဲ့သည်။ သူသည် အက်ဆီတလင်း ဓာတ်ငွေ့အား ရေတွင်ပျော်ဝင်စေကာ အက်ဆီတုန်းဖြစ်ပေါ်စေသည်။ ကိုင်တွယ်ရာတွင် ပိုမိုလွယ်ကူပြီး အန္တရာယ်ကင်းစေခဲ့ပြီး ဤစိတ်ကူးသည် အက်ဆီတလင်းအား အောက်ဂျီနစ်ဓာတုပစ္စည်းအဖြစ် စက်မှုလုပ်ငန်းဆိုင်ရာ အသုံးပြုမှုတွင် ကြီးမားစွာ အထောက်အကူ ပြုခဲ့သည်။

စိတ်ဝင်စားလာခဲ့

ထို့နောက် ၁၉၀၂ခုနှစ်တွင် ဂျော့သည် အက်ဆီတုန်းကို ငွေ့ရည်အဖြစ် စီးပွားဖြစ် တိုးတက်တီထွင် ထုတ်လုပ်နိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ဂျာမန်လူမျိုး ဓာတုဗေဒပညာရှင် ကားလ်ပေါလ်ဂေါ့စ်ဖရီယက်ဒ်ဗွန်လင်ဒီကလည်း အလားတူ တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ အောက်ဆီဂျင်ငွေ့ရည်ကို အငွေ့အဖြစ် ပြန်ပြောင်းရာမှ ထုတ်လွှတ်သောစွမ်းအင်မှ ဓာတ်အားထုတ်လုပ်သည့် နည်းလမ်းကိုလည်း တိုးတက်တီထွင်နိုင်ခဲ့သည်။ ယင်းအကျိုးဆက်ကြောင့်ပင် နှိုင်းယှဉ်ချက်အားဖြင့် တုံ့ပြန်မှု မရှိသော ဓာတ်ငွေ့များတွင် ဂျော့အနေဖြင့် စိတ်ဝင်စားလာခဲ့သည်။

လုပ်ငန်းအောင်မြင်

ဂျော့သည် ၁၉၁၀ပြည့်နှစ်တွင် နီယွန်ဓာတ်ငွေ့ ဖြည့်ထားသော ဖန်ပြွန်အတွင်းသို့ လျှပ်စစ်ဓာတ် ဖြတ်စီးစေသောအခါ နီယွန်ဓာတ်ငွေ့သည် အရောင်ဖြင့်တောက်ပစွာ လင်းလက်လာသည်။ ၄င်းသည် မီးသွေးစစ်ထုတ်ကိရိယာတစ်ခုကို အသုံးပြုလျက် ဓာတ်ငွေ့သန့်စင်သည့် နည်းလမ်းကို ထပ်မံတီထွင်နိုင်ခဲ့သည်။ ဂျော့သည် နီယွန်မီးချောင်းများကို စာလုံးများ၊ ရုပ်ပုံများပုံသဏ္ဍာန်လိမ်ကောက်ရစ်ခွေထုတ်လုပ်ပေးနိုင်ခဲ့ပြီး ကြော်ငြာ လုပ်ငန်းများတွင် ထိုးဖောက်ရေပန်းစားကာ လုပ်ငန်းအောင်မြင်သဖြင့် လူချမ်းသာတစ်ဦး ဖြစ်လာခဲ့သည်။

မတိမ်းမယိမ်း

ထို့နောက် ၁၉၁၇ခုနှစ်တွင် ဂျော့သည် အခြားစက်မှုလုပ်ငန်းသုံး ဓာတုပစ္စည်းနှင့် မြေသြဇာ ထုတ်လုပ်ရေးလုပ်ငန်းတွင် အရေးကြီးသော ဖိအားမြင့်ပြီး စရိတ်စကအကုန်အကျနည်းသည့် အမိုးနီးယားဓာတ်ငွေ့ကို စနစ်တကျထုတ်လုပ်နိုင်ခဲ့သည်။ ဂျော့သည် စောစောပိုင်းက ၄င်း၏ စမ်းသပ်မှုများတွင် ပြင်သစ်ဓာတုဗေဒပညာရှင် ဟင်နရီလီချာတာလီယာ(၁၈၅၀-၁၉၃၆)၏ နည်းလမ်းများကို အခြေခံလုပ်ဆောင်ခဲ့ပြီး ၄င်း၏ တီထွင်မှုများသည် ဂျာမနီဓာတုဗေဒပညာရှင် ဖရစ်ဇ်ဟာဘာ၏ တီထွင်မှု လုပ်ငန်းစဉ်များနှင့်လည်း မတိမ်းမယိမ်း ရှိနေခဲ့သည်။

နှစ်ခြိုက်စွာ

ဂျော့ကလော်ဒီသည် ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် ၄င်း၏ တီထွင်မှုများ၊ သုတေသနလုပ်ငန်းများကို မှတ်တမ်းတင် မခံရသော်လည်း ယင်းလုပ်ငန်းများကို ဆက်လက်တာဝန်ယူလုပ်ကိုင်ခဲ့သည်။ ၄င်း၏တီထွင်မှုများသည် အံ့သြစရာကောင်းလောက်အောင်ပင် ဂျာမနီဓာတုဗေဒပညာရှင် ဖရစ်ဇ်ဟာဘာ၏ တီထွင်မှုများနှင့် ထပ်တူနီးပါးဆင်တူမှုရှိကြောင်း နာဇီတို့နှင့် ပူးပေါင်းလုပ်ဆောင်သည်ဟု စွပ်စွဲခံရကာ ၄င်း၏မိတ်ဆွေများ ၄င်းအားလွတ်မြောက်အောင် မကူညီနိုင်မီ နှစ်အနည်းငယ် ထောင်ကျခဲ့သည်။ စမ်းသပ်မှု၊ တီထွင်မှုနှင့် သုတေသနလုပ်ငန်းများအကြား ၄င်း၏ဘဝကို နှစ်ခြိုက်စွာ တစ်သက်တာလုံး မြှုပ်နှံခဲ့သူ ဂျော့ကလော်ဒီသည် ၁၉၆၀ပြည့်နှစ် မေ ၂၃ရက်တွင် တီထွင်မှုလောကကြီးကို ကျောခိုင်းစွန့်ခွာသွားခဲ့ပါကြောင်း ဖော်ပြလိုက်ပါသည်။ ။

ကိုးကား-အင်တာနက်

ဂျော့သည် ၁၉၁၀ပြည့်နှစ်တွင် နီယွန်ဓာတ်ငွေ့ ဖြည့်ထားသော ဖန်ပြွန်အတွင်းသို့ လျှပ်စစ်ဓာတ် ဖြတ်စီးစေသောအခါ နီယွန်ဓာတ်ငွေ့သည် အရောင်ဖြင့်တောက်ပစွာ လင်းလက်လာ၊ ၄င်းသည် မီးသွေးစစ်ထုတ် ကိရိယာတစ်ခုကို အသုံးပြုလျက် ဓာတ်ငွေ့သန့်စင်သည့် နည်းလမ်းကို ထပ်မံတီထွင်နိုင်ခဲ့၊ ဂျော့သည် နီယွန်မီးချောင်းများကို စာလုံးများ၊ ရုပ်ပုံများပုံသဏ္ဍာန်လိမ်ကောက်ရစ်ခွေ ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ကြော်ငြာလုပ်ငန်းများတွင် ထိုးဖောက်ရေပန်းစားကာ လုပ်ငန်းအောင်မြင်သဖြင့် လူချမ်းသာတစ်ဦး ဖြစ်လာခဲ့။

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်းနှင့် အေးသန္တာသိန်း



ပဲခူးမြို့နယ်စည်ပင်သာယာရေး အဖွဲ့က အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ဇွန် ၂၂ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်း စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးထွန်းမြင့်နှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်လှတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျောင်းကုန်း၌ အလယ်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်ပွဲကျင်းပ

ကျောင်းကုန်း ဇူလိုင် ၂၉

အမှတ်(၁)အခြေခံပညာဦးစီးဌာန အခြေခံပညာမူလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇူလိုင် ၂၆ရက် နံနက် ၉ နာရီက ဇရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မိုးပြာအရှေ့ကျေးရွာရှိ အဆိုပါ အလယ်တန်းကျောင်း(ခွဲ)၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့် မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (အောက်ပုံ)

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကျင်းပရာ အမှာစကားကို မြို့နယ်ဥက္ကဋ္ဌဦးမျိုးကျော်ကျော်၊ မြို့နယ်ပညာရေးမှူးဦးတင့်ဆွေတို့က အသီးသီးပြောကြားကြပြီး ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းဆွေက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအထိမ်းအမှတ် အလံကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့် မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေတို့ထံ ကျောင်းအုပ်ဆရာကြီး ဦးသန်းရည်က ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေအဖြစ် ငွေကျပ် ၁၂၇၂၀၀ ကို အလှူရှင်ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ဦးတို့က လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းရည်က လက်ခံယူသည်။

(၁၅၄)

ကျွန်းသုံးပင်၊ သစ်မာပင် ၂၀ စိုက်ပျိုးရေး ရေတာရှည်မြို့နယ်၌ တာဝန်ပေးအပ်

ရေတာရှည် ဇူလိုင် ၂၄

ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၉-၂၀၁၀ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ တစ်ရွာလျှင် ယူကလစ်တစ်ဧက စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲနှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်း စီမံချက်ရှင်းလင်းပွဲကို ဇွန်၃ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က တာဝန်ပေးအပ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးငွေးမောင်က သစ်တောရေးရာဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်ဖြစ်သည့် တစ်အိမ်ထောင်ကျွန်းသုံးပင် သစ်မာပင် ၂၀၊ တစ်ရွာလျှင် ယူကလစ်တစ်ဧက စိုက်ပျိုးရေး ကျေးရွာပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းစီမံချက်၊ စိုက်ပျိုးပုံနည်းစနစ်နှင့် သစ်ပင်မျိုးများ ဖြန့်ဖြူးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးငွေးမောင်တို့က ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၇အုပ်စု ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများကို ပေးအပ်လိုက်ကြောင်း သိရသည်။

(သစ်တောဦးစီး)

မြို့နယ်သတင်းများ

တောင်သာဂျီအီးစီ(ပညာရေး) သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြု

တောင်သာ ဇူလိုင် ၂၇

တောင်သာမြို့နယ်တွင် ဇွန် ၃၀ရက် နံနက် ၁၀နာရီက ဂျီအီးစီ(ပညာရေး) သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ၊ထူးချွန်ကျောင်းသား ကျောင်းသူများအား ပထမအကြိမ်ဂုဏ်ပြုပွဲကို တောင်သာမြို့ မင်းစု(အလက)ကျောင်း၌ ကျင်းပသည်။

ရွေးချယ်တင်မြှောက်

အခမ်းအနားတွင် ဂျီအီးစီအုပ်ချုပ်မှုဒါရိုက်တာ ဦးစံလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် သမဦးစီးအရာရှိ ဦးယဉ်ထွေးက အသင်း၏တိုးတက်ရာ တိုးတက်ကြောင်းနှင့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။ ဆက်လက်၍ အသင်းအမှုဆောင် ဦးစံဝင်းအောင်က လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားခြင်းနှင့် ၂၀၀၈-၂၀၀၉ အသင်း၏ ဘဏ္ဍာရေးရှင်းတမ်းကို ဦးမြင့်ဆွေက ဖတ်ကြားပြီး လစ်လပ်နေသည့် အသင်းအမှုဆောင်ခြောက်ဦးကို ရွေးချယ်တင်မြှောက်ခဲ့သည်။

ဆုချီးမြှင့်

ထို့နောက် ဂျီအီးစီ မိသားစုဝင် ကျောင်းသားကျောင်းသူများ၏ ပထမအကြိမ်ဂုဏ်ပြုပွဲတွင် မြို့နယ်အတွင်းရေးမှူး ဦးသန်းလှိုင်က ငါးဘာသာဂုဏ်ထူးရှင်နှင့် သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦးတို့အား လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးတင်ချိုက သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦးတို့အား လည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးယဉ်ထွေးကနှစ်ဘာသာဂုဏ်ထူးရှင်နှင့် တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့အားလည်းကောင်း၊ အထက ကျောင်းအုပ်ဆရာကြီး ဦးစံလင်းက တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့အား လည်းကောင်း ဆုများချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရေစီးရေလာ ကောင်းမွန်ရေး ရွှေဘို၌ ဆောင်ရွက်

ရွှေဘို ဇူလိုင် ၂၄

ရွှေဘိုမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် မင်းရဲကျော်စွာလမ်း ကွန်ကရစ်တံတားကြမ်းခင်း ပြင်ဆင်ခြင်းလုပ်ငန်းနှင့် မြောင်းစာများ၊ အမှိုက်များဖယ်ရှားရှင်းလင်းထားမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးနီထွန်းနှင့်လက်ထောက်အင်ဂျင်နီယာဦးအောင်မြင့်သန်းတို့ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

ဇူလိုင် ၂ရက်က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသည့် ညောင်ရွှေ-ရွာသာကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်ရန်အတွက် ကျောက်စုဆောင်းထားရှိမှုကို ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းထွဋ် ကြီးကြပ်စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

လမ်းကျောက်ချောခင်း

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော နဝင်းကွက်သစ်(၁၁)လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၈ရက်က အမှုဆောင်အရာရှိ ဦးကြည်သန်း၊ လက်ထောက်အင်ဂျင်နီယာ ဦးလှမျိုးဝင်းနှင့် လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရာဇာလင်းတို့က စစ်ဆေးဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဟိုပင်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ ကျင်းပ

ဟိုပင် ဇူလိုင် ၂၃

ကချင်ပြည်နယ် ဟိုပင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၈နာရီက ဟိုပင်မြို့ အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ဟိုပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်နှင့် မြန်မာအမျိုးသမီးများနေ့ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ *(မြို့နယ် ပြန်/ဆက်)*

ဘိုးရာဇာစာကြည့်တိုက် ဆောက်လုပ်မှုစစ်ဆေး

ပုလဲ ဇူလိုင် ၂၅

ပုလဲမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းမြင့်နှင့်အတူ ဇူလိုင်၁၈ရက်က မင်းတိုင်ပင်ကျေးရွာအုပ်စု ကျောက်ဖြာကန်ကျေးရွာ၌ ဘိုးရာဇာစာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ရာ ဆောက်လုပ်ပြီးစီးမှုများကို အုပ်စုဥက္ကဋ္ဌ ဦးကျော်တင့်၊ အဖွဲ့ဝင် ဦးအောင်တင်နှင့် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးနိုင်တို့က ရှင်းလင်းတင်ပြကြသည်။

(မြို့နယ် ပြန်/ဆက်)

ဘီးလင်းမြို့အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဘီးလင်းမြို့ ကျွန်းတောလမ်းနှင့် သစ်စက်လမ်းဆုံရှိ တံတားအတွင်း ရေမြောင်းဖော်ဆောင်ရွက်နေမှုကို ဇွန်၂၉ရက်က အမှုဆောင်အရာရှိ ဦးအောင်နိုင်မိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က သွေးလွန် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးကြီးတွင် ဇူလိုင် ၁၄ရက်က မြို့နယ်စည်ပင် သာယာရေး အဖွဲ့နှင့် မြို့နယ် ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ခြင်ဆေး ဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင်ဦးလေးက ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မြန်မာနိုင်ငံအပေါ် အမေရိကန်ရဲ့ မူဝါဒသဘောထားနဲ့ ပတ်သက်လို့ ကွဲပြားတဲ့ အမြင်နှစ်မျိုးအပေါ် ဘယ်သူ့အမြင်က မြန်မာနိုင်ငံပြည်သူတွေရဲ့ အကျိုးစီးပွားနဲ့ ကိုက်ညီဆီလျော်ပြီး လက်တွေ့ကျတဲ့ သဘောဆောင်နိုင်မလဲ ဆိုတာကိုတော့ စာရှုသူများ ကိုယ်တိုင်ပဲ စဉ်းစားသုံးသပ်ကြစေချင်ပါတယ်။

တောသားလေး၏ ဆောင်းပါး စာ - ၈

မော်လမြိုင်ကျွန်းမြို့နယ် ဖိုးသာအေးကျေးရွာရှိ မုန်လာစိုက်ခင်းများကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း (လမ်းမတော်)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ စည်းဝေး

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေး(၁၃/၂၀၀၉)ကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂နာရီတွင် မြို့တော်ခန်းမရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီနာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မိုးရာသီကာလဖြစ်၍ ရန်ကုန်မြို့၌ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်အလိုက် အုပ်ချုပ်ရေးမှူးများက နေ့စဉ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ လမ်းများကောင်းမွန်ရေး၊ သန့်ရှင်းရေးကောင်းမွန်ရေး၊ အမြဲစိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာရေးညီညွတ်သော မြို့ဖြစ်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရန် ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ■

ရေဝတီသားတို့၏ အားမာန်ကို အထင်အရှား မြင်တွေ့ရသည့်

မော်လမြိုင်ကျွန်းမြို့နယ် ဖိုးသာအေးရွာမှ ဟင်းသီးဟင်းရွက်စိုက်ခင်းများ

➤ သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
➤ ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)
➤ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၃၀

ဖိုးသာအေးကျေးရွာအုပ်စု

မိုးစပါး	-	၉၁၈ ဧက
နွေစပါး	-	၇၃၈ ဧက
ဆောင်းစပါး	-	၂၁၀ ဧက
ဟင်းသီးဟင်းရွက်	-	၂၅၀ ဧက

ဘိုကလေး-မော်လမြိုင်ကျွန်းတူးမြောင်းအတိုင်း မောင်းနှင်လာသော စက်လှေသည် မော်လမြိုင်ကျွန်းမှ ခုနစ်မိုင်ခန့်အကွာ ဘိုကလေးမြို့နယ်အဆုံးသို့ ရောက်ရှိချိန်တွင် ကမ်းနဖူးအနီး စိုက်ထူထားသော ဆိုင်းဘုတ်တစ်ခုကို တွေ့ရသဖြင့် မှတ်သားမိလိုက်ခြင်းပင်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ *

မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇူလိုင် ၃၀

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၄၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ သို့ ရောက်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြို့၌ ၆၅၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၀၀ သို့ ရောက်ရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓာတုဗေဒနည်းဖြင့် ပြုလုပ်ထားသော ကြက်ဥအတုများ နယ်စပ်ဒေသများမှတစ်ဆင့် ဝင်ရောက်

ကျန်းမာရေးထိခိုက်နိုင်၍ စားသုံးရန်မသင့်

နေပြည်တော် ဇူလိုင် ၃၀

မြန်မာနိုင်ငံနယ်စပ်ရှိ အချို့သောဒေသများနှင့် ပြည်တွင်းရှိ အချို့သောဒေသဈေးကွက်များသို့ နယ်စပ်ဒေသများမှတစ်ဆင့် ဓာတုဗေဒနည်းဖြင့် ပြုလုပ်ထားသော ကြက်ဥအတုများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ကြက်ဥအတုများမှာ အထူးသဖြင့် မွေးမြူရေးကြက်ဥများနှင့် ပုံသဏ္ဌာန်တူပြီး အပေါ်ယံကြည့်ရုံမျှဖြင့် ခွဲခြားမရနိုင်ကြောင်းနှင့် ထိုကြက်ဥအတုကို ဓာတုဗေဒနည်းဖြင့် ပြုလုပ်ကြောင်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

နေရာကွက်ကျား

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။